# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကို လိုတိုင်းရအောင် ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ – ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၂၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ် (၁၇၄)


# COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်း

**COVID-19 ရောဂါသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဖွဲ့ဝင် ၁၉၄ နိုင်ငံတွင် ၁၇၇ နိုင်ငံ၌ ကူးစက်ဖြစ်ပွားနေပြီး မြန်မာနိုင်ငံအပါအဝင် ၁၇ နိုင်ငံတွင်သာ ရောဂါဖြစ်ပွားမှုမတွေ့ရှိသေး၊ ကြိုတင်ပြင်ဆင်မှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေ**

ရန်ကုန် မတ် ၂၁

ကျန်းမာရေးနှင့် အားစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဉာဏ်ဝင်းက ထောက်ပံ့လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် Skynet (ရွှေသံလွင်မီဒီယာ)မှ ဒါရိုက်တာ အကယ်ဒမီမောင်မျိုးမင်း (ရင်တွင်းဖြစ်)နှင့်


စာမျက်နှာ ၅ ကော်လံ ၁ ❖




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးနှင့် ကလေးဆေးရုံဝင်းအတွင်းရှိ အသွားအလာကန့်သတ်ထားရှိ၍ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) ပြုလုပ်နေသော သုံးထပ်လူနာဆောင်အသစ်သို့ သွားရောက်ကြည့်ရှုစဉ်။ သတင်းစဉ်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ စနစ်တကျ လက်ဆေးကြပါစို့**


စာ » ၃


**ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်တစ်စင်းရဲ့မိသားစု (မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု)**


စာ » ၆


## မြန်မာနိုင်ငံသို့လာရောက်သည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များကို ပူးပေါင်းဆောင်ရွက်ကြရန်အကြံပြု

နေပြည်တော် မတ် ၂၁

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားများ ဘေးကင်းလုံခြုံအဆင်ပြေစွာ အပန်းဖြေအနားယူနိုင်ရန် ရည်ရွယ်ချက်ထား ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များကို ပူးပေါင်းဆောင်ရွက်ကြရန် အကြံပြုချက် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါအကြံပြုချက်တွင် ကမ္ဘာတစ်ဝန်း COVID–19 ရောဂါပျံ့နှံ့မှုနှုန်း အလွန်များပြားလာသည့်အတွက် ရောဂါကူးစက်မှုထပ်တိုးလာသည့် နိုင်ငံများမှ မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်မှုဆောင်ရွက်မည့် ကန့်သတ်ချက်အသစ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါပြန့်ပွားမှုနှုန်း အလွန်မြင့်မားလာသည့် ထပ်တိုးနိုင်ငံများအပေါ် ယာယီကန့်သတ်ချက်များ အမေရိကန်ပြည်ထောင်စု၊ ဆွစ်ဇာလန်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ နော်ဝေနိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့တွင် လွန်ခဲ့သည့် ၁၄ ရက်အတွင်း နေထိုင်ခဲ့သူများနှင့် သွားရောက်ခဲ့ဖူးသည့် မြန်မာနိုင်ငံသားများ အပါအဝင် ခရီးသွားများအားလုံးကို မြန်မာနိုင်ငံသို့ ရောက်ရှိချိန်မှစတင်၍ ၁၄ ရက် သီးသန့်သတ်မှတ်ထားသည့် နေရာများတွင် ထားရှိစောင့်ကြည့် မှု (Facility Quarantine) ပြုလုပ်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံဆိုင်ရာ သံတမန်များ၊ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိချိန်မှစတင်၍


စာမျက်နှာ ၈ ကော်လံ ၁ ❇





မြန်မာ့အလင်း

# စားသောက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးမှုမြှင့်တင်

မြန်မာနိုင်ငံ၏ စီးပွားရေးက လယ်ယာစိုက်ပျိုးရေးကို အခြေခံသည်။ နိုင်ငံ့လူဦးရေ၏ သုံးပုံနှစ်ပုံက ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးရေးအခြေခံစီးပွားရေးကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း မှီခိုနေကြရသည်။ သို့ရာတွင် တောင်သူအများစုမှာ သမားရိုးကျ စိုက်ပျိုးထုတ်လုပ်နေကြသူများဖြစ်ပြီး ခေတ်မီစိုက်ပျိုးထုတ်လုပ်မှုနည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုကဲ့သို့သော အဓိကအကြောင်းရင်းများအပြင် အခြားအကြောင်းအရာများစွာတို့ကြောင့် မိမိတို့၏ စိုက်ပျိုးထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဈေးကွက်သို့ တင်ပို့နိုင်မှုနည်းပါးကာ ကုန်ကြမ်းများအဖြစ်သာ တင်ပို့ရောင်းချနိုင်ခဲ့ကြသည်။

ဥပမာအားဖြင့် ဆန်ကို ဆန်အဖြစ်သာ တင်ပို့ရောင်းချနေရပြီး အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းလာသည့် ဆန်မှုန့်၊ ဆန်ပြုတ်ထုပ်၊ ဆန်ဘီစကွတ်၊ ဆန်ကွတ်ကီး၊ ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆံ၊ ဖွဲနုဆီ စသည်တို့အပါအဝင် ဆန်ထွက်စားသောက်ကုန်များကိုမူ ကုန်တိုက်များ၊ စတိုးဆိုင်များတွင် မိမိတို့ဝယ်ယူစားသောက်နေကြရသည်။ နိုင်ငံခြားမှ တင်သွင်းလာသည့် စားသောက်ကုန်များစွာတို့တွင် အသုံးပြုထားသည့် ကုန်ကြမ်းများမှာ မိမိတို့နိုင်ငံ၌ စိုက်ပျိုးထွက်ရှိသည့် ပစ္စည်းများသာဖြစ်သည်ကိုလည်း တွေ့ရှိနိုင်ကြသည်။ လက်ရှိအခြေအနေတွင်မူ မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် စိုက်ပျိုးရေးထွက်ကုန်သီးနှံနှင့် သစ်သီးဝလံတို့မှာ အိမ်နီးချင်းနိုင်ငံ ဈေးကွက်တစ်ခုခုကိုသာ အဓိကထားကာ စိုက်ပျိုးထုတ်လုပ်နေကြရပြီး အကြောင်းတစ်ခုခုကြောင့် မူလဦးတည်ထားသည့် ဈေးကွက်က ဝယ်ယူမှုမပြုခြင်း၊ အဝင်မခံခြင်းတို့နှင့်ကြုံလာရသည့်အခါတွင် ပြည်တွင်းမှ တောင်သူများနှင့် အရောင်းအဝယ်ကုန်သည်တို့ အထိနာကြရသည်။

တစ်ဖက်တွင်လည်း ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူများ၏ အားနည်းချက်များအဖြစ် အရည်အသွေးကောင်းမွန်သည့် စိုက်ပျိုးထုတ်ကုန်များ၊ ကောင်းသောစိုက်ပျိုးထုတ်လုပ်မှုကျင့်စဉ်များနှင့်အညီ စိုက်ပျိုးထုတ်လုပ်မှုများအတွက် အားထုတ်ကြိုးပမ်းကြရန် လိုအပ်နေသေးခြင်းပင် ဖြစ်သည်။ မိမိတို့ စိုက်ပျိုးထုတ်လုပ်လိုက်သည့်ပစ္စည်းက အရည်အသွေးကောင်းမွန်မည်၊ ဈေးကွက်၏ တောင်းဆိုချက်များအပေါ် အာမခံနိုင်မည်ဆိုပါက မျက်နှာပန်းလှမည်ဖြစ်ပြီး အရည်အသွေးနိမ့်ကျနေမည်ဆိုပါက ဝယ်သူပြုသမျှနုရမည်သာဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာဈေးကွက်တွင် ပိုးမွှား၊ မှို၊ ဓာတုဓာတ်ကြွင်းတို့ ကင်းစင်သော၊ အရည်အသွေးကောင်းမွန်သော စိုက်ပျိုးထုတ်ကုန်များကိုသာ စနစ်တကျစိစစ်ဝယ်ယူလာနေကြပြီဖြစ်သည်ကို သတိချပ်၍ GAP – Good Agricultural Practices ခေါ် ကောင်းမွန်သည့် စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများကို ပိုမိုကျင့်သုံးခြင်းနှင့် ဘေးကင်းသည့် စားနပ်ရိက္ခာများ ထုတ်လုပ်ခြင်းဖြင့်သာ ဈေးကွက်ကို ရေရှည်ခိုင်မြဲစေနိုင်မည် ဖြစ်သည်။

ရေရှည်တွင်မူ ပြည်တွင်းစိုက်ပျိုးရေး ထုတ်ကုန်များကို တန်ဖိုးမြှင့်ကုန်ချောများထုတ်လုပ်သည့် ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများ နိုင်ငံတကာနှင့်ယှဉ်၍ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ဖြစ်သည်။ လက်ရှိ ပြည်တွင်းစက်ရုံ၊ အလုပ်ရုံအများစုမှာ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများဖြစ်သော်လည်း ကုန်ပစ္စည်းအရည်အသွေး၊ ထုပ်ပိုးပုံနှင့် နည်းပညာတို့တွင် လိုအပ်ချက်များစွာရှိနေပြီး ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ရန် ကြိုးပမ်းမှုများစွာ ပြုလုပ်ကြရဦးမည်ဖြစ်သည်။

အနာဂတ်တွင် နိုင်ငံ၏ လူဦးရေတိုးတက်လာခြင်း၊ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ စားသုံးမှုမြင့်မားလာမည့် အလားအလာကောင်းများရှိနေခြင်းတို့က ပြည်တွင်းစားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် မျှော်လင့်ချက်များပင်ဖြစ်ရာ ပြည်တွင်းမှထုတ်လုပ်လိုက်သည့် ကုန်ကြမ်းများကို ပြည်တွင်းမှာပင် တန်ဖိုးမြှင့်ကာ ကုန်ချောများထုတ်လုပ်နိုင်ခြင်းဖြင့် လယ်ယာစိုက်ပျိုးရေး အခြေခံ စီးပွားရေးကို မြှင့်တင်နိုင်ကြပါစေကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## ပြည်သူများထံသို့ မေတ္တာရပ်ခံပန်ကြားချက်

နေပြည်တော်၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၁ ရက်နေ့

- ယခုအခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံ (၁၉၄) နိုင်ငံအနက် (၁၇၇) နိုင်ငံတွင် COVID–19 ရောဂါ ဖြစ်ပွားမှုရှိနေပြီဖြစ်ပြီး မိမိတို့နိုင်ငံသို့လည်း COVID–19 ရောဂါ အချိန်မရွေးဝင်ရောက် ဖြစ်ပွားနိုင်ခြေရှိသည်ကို သတိပြုရမည်ဖြစ်ပါသည်။
- မိမိအနေဖြင့် မြန်မာနိုင်ငံသားတစ်ဦးတစ်ယောက်တွင်မှ COVID–19 ရောဂါ မဖြစ်စေလိုပါ။ တစ်ဦးတစ်ယောက်မှ အသက်ဆုံးရှုံးမှုမရှိစေလိုပါ။
- မိမိတို့ဝန်ကြီးဌာန၏ ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများနှင့်လည်းကောင်း၊ သက်ဆိုင်ရာ နီးနွယ်ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် လည်းကောင်း၊ လူမှုရေးအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်း၍ ကာကွယ်ထိန်းချုပ်ရေးနှင့် ဆေးရုံဝန်ဆောင်မှုလုပ်ငန်းများကို ရရှိသည့်စွမ်းအားအရင်းအမြစ်များကိုသုံးစွဲ၍ ဆောင်ရွက်လျက်ရှိပါသည်။
- ပြည်သူများနှင့် အလှူရှင်အဖွဲ့အစည်းများမှ လှူဒါန်းသော ငွေကြေး၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများကိုလည်း နေ့စဉ်ရရှိနေပါသည်။ ငွေကြေးသုံးစွဲမှုများကို စနစ်တကျအကျိုးရှိစွာ အသုံးပြုနိုင်ရန်အတွက် တိကျသော လမ်းညွှန်ချက်များနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်များသို့ ချက်ချင်းခွဲဝေချထားပေးလျက်ရှိပါသည်။
- Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်ဖြစ်သော "ပြည်သူသာ အဓိက" ဟူသည့် သဘောထားခံယူချက်နှင့်အညီ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အောက်ဖော်ပြပါ COVID–19 နှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်ကိစ္စများကို မိမိ၏အရေးကိစ္စသဖွယ် သဘောထားကာ တိတိကျကျလိုက်နာ ဆောင်ရွက်ကြပါရန်နှင့် တတ်နိုင်သမျှ ဝိုင်းဝန်းပါဝင် ပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည် –

(၁) လက်ကို ဆပ်ပြာနှင့် ရေ အသုံးပြု၍ မကြာခဏဆေးကြောပါ (သို့မဟုတ်) အရက်ပြန် (alcohol) အနည်းဆုံး (၆၀) ရာခိုင်နှုန်း ပါဝင်သည့် လက်သန့်စင်ဆေးရည်ကို အသုံးပြု၍ သန့်စင်ပါ။ အထူးသဖြင့် အပြင်မှပြန်လာပြီးတိုင်း၊ အများပြည်သူ အသုံးပြုသည့် နေရာများမှ ပစ္စည်းများ(ဥပမာ – လှေကားလက်ရန်း၊ ဓာတ်လှေကားခလုတ်၊ တံခါးလက်ကိုင်) ကို ကိုင်တွယ်ပြီးတိုင်း လက်ကို ဆေးကြောပါ (သို့မဟုတ်) သန့်စင်ပါ။ လက်ကို မဆေးကြောမသန့်စင်ဘဲ မိမိ၏ နှာခေါင်း၊ ပါးစပ်နှင့် မျက်နှာတို့ကို ကိုင်တွယ်ခြင်းမှ ရှောင်ကြည်ပါ။

(၂) နှာချေ၊ ချောင်းဆိုးတိုင်း နှာခေါင်းနှင့် ပါးစပ်တို့ကို လုံခြုံအောင် ဖုံးအုပ်ပါ။ ဖျားနာ၊ နှာချေ၊ ချောင်းဆိုးနေလျှင် လူစုလူဝေးနေရာများသို့ သွားရောက်ခြင်း၊ ဘတ်စ်ကားစီးခြင်းနှင့် ခရီးသွားလာခြင်းတို့မှ ရှောင်ကြဉ်ပါ။ မိမိတို့မှတစ်ဆင့် မိမိ၏ မိသားစုနှင့် မိတ်ဆွေအပေါင်းအသင်းနှင့် အခြားသူများထံသို့ ရောဂါမကူးစက်စေပါနှင့်။

(၃) လူထူထပ်သောနေရာများ၊ ပွဲလမ်းသဘင် အခမ်းအနားများကို သွားရောက်ခြင်းမှ ရှောင်ကြဉ်ပါ။ တတ်နိုင်သမျှ အိမ်တွင်သာနေပါ။ အသက် (၆၀) နှစ်နှင့် အထက် အသက်အရွယ်ကြီးသူများနှင့် နာတာရှည်ရောဂါ (ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါ စသည်) ရှိသူများအနေဖြင့် အပြင်သို့သွားရောက်ခြင်းကို ယခုကာလအတွင်း ရှောင်ကြဉ်ပါ။

(၄) ရောဂါကူးစက်ရာဒေသ၊ နိုင်ငံများမှ ပြန်လာသူများအနေဖြင့် – အနီးဆုံးကျန်းမာရေးဌာနသို့သတင်းပို့ပါ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အသွားအလာကန့်သတ်ခြင်း (quarantine) နှင့် ရောဂါရှိသူအား သီးခြားထားရှိကုသခြင်း (isolation) လုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်သိစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြပါ။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် မိမိကိုယ်တိုင် ရောဂါဖြစ်ပွားပါက အမြန်ဆုံးထိရောက်စွာကုသမှုခံယူနိုင်၍ အသက်သေဆုံးခြင်းမှ ကာကွယ်နိုင်ပြီး မိမိ၏ မိသားစု၊ မိတ်ဆွေများနှင့် မိမိရပ်ရွာသို့ ရောဂါကူးစက်ပျံ့နှံ့ခြင်းအား ထိရောက်စွာ ကာကွယ်နိုင်မည် ဖြစ်ပါသည်။

(၅) ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသော သတင်းမှန်များကို ရယူခြင်းနှင့် မျှဝေခြင်းတို့ကို ပြုလုပ်ပေးကြစေလိုပါသည်။

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၌ COVID-19 ရောဂါကာကွယ် တားဆီးရေးအတွက် လက်ဆေးကန်များ တပ်ဆင်အသုံးပြု

တောင်ငူ မတ် ၂၁


ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် COVID–19 ရောဂါကာကွယ် တားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မတ် ၂၁ ရက်က တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း အများပြည်သူများ အသုံးပြုနိုင်ရန်အတွက် COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းအထောက်အကူပြုကော်မတီမှ အရေးပေါ်၊ ပြင်ပလူနာဌာနနှင့် ကုသဆောင်များသွားရာ လမ်းဘေးတစ်လျှောက် လက်ဆေးကန် ၁၅ ကန်နှင့် လက်ဆေးဆပ်ပြာ၊ လက်သုတ်ပဝါများကို လှူဒါန်းထားရှိပေးထားပြီး ပြည်သူများ စတင်အသုံးပြုနေပြီဖြစ်သည်။



အထောက်အကူပြုကော်မတီမှ လက်ဆေးဆပ်ပြာများကို နေ့စဉ်ဖြည့်ဆည်းပေးမည့်အပြင် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လူစည်ကားရာနေရာများတွင် ဆက်လက်တပ်ဆင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

၀၄၈

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ စနစ်တကျ လက်ဆေးကြပါစို့






ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကိုဗစ်-၁၉ ကို
ထိထိရောက်ရောက် ကာကွယ်နိုင်တဲ့
နည်းတစ်နည်းကတော့
ရေနဲ့ ဆပ်ပြာနဲ့ လက်ကို မကြာခဏ
သေသေချာချာ အနည်းဆုံး
စက္ကန့် ၂၀ ဆေးဖို့ပဲ ဖြစ်ပါတယ်။





ပထမဦးစွာ လက်ကိုရေလောင်းပါ


လက်နှစ်ဖက်ကို ဆပ်ပြာဖြင့် သေချာစွာပွတ်တိုက်ပါ


လက်ဖဝါးနှစ်ဖက်ကို သေချာစွာပွတ်တိုက်ပါ


လက်ဖမိုးနှစ်ဖက်ကို သေချာစွာပွတ်တိုက်ပါ


လက်ခေါက်ချိုး၍ သေချာစွာပွတ်တိုက်ပါ


လက်ချောင်းများကြားကို သေချာစွာပွတ်တိုက်ပါ


လက်မနှစ်ခုကို သေချာစွာပွတ်တိုက်ပါ


လက်ဖဝါးနှစ်ဖက်ကို သေချာစွာကုတ်ခြစ်ပါ


လက်ကောက်ဝတ်နှစ်ဖက်ကို သေချာစွာပွတ်တိုက်ပါ


ထို့နောက် ရေဖြင့်သေချာစွာဆေးကြောပါ

- လက်ကိုဆေးကြောပြီးပါက သန့်ရှင်းခြောက်သွေ့သော လက်သုတ်ပဝါ (သို့မဟုတ်) တစ်ရှူးဖြင့် သုတ်ပါ။
- ရေပိုက်ခေါင်းကို ပြန်ပိတ်ရာတွင်သန့်စင်ပြီးသောလက်ဖြင့် မထိဘဲ သန့်ရှင်းသည့် လက်သုတ်ပဝါ (သို့မဟုတ်) တစ်ရှူးကို အသုံးပြုပါ။

- အယ်လ်ကိုဟော (၆၀) ရာခိုင်နှုန်းနှင့်အထက် ပါဝင်သော လက်သန့်စင်ဆေးရည်နှင့်လည်း လက်ကိုစနစ်တကျ ဆေးကြောနိုင်ပါသည်။



- နှာချေ/ချောင်းဆိုးပြီးတိုင်း၊ အပြင်မှ ပြန်လာတိုင်း၊ အများပြည်သူ အသုံးပြုနေသည့် ပစ္စည်းများ (ဥပမာ - လှေကားလက်ရန်း၊ ဓာတ်လှေကားခလုတ်၊ တံခါးလက်ကိုင်စသည်တို့) ကို ကိုင်တွယ်ပြီးတိုင်း၊ လူနာကို ပြုစုစောင့်ရှောက်ပြီးတိုင်း၊ အစားအစာများကို ချက်ပြုတ်ပြင်ဆင်သည့်အခါတိုင်း၊ အစားမစားမီ အချိန်တိုင်း၊ အိမ်သာ အသုံးပြုပြီးတိုင်း၊ တိရစ္ဆာန်များနှင့် တိရစ္ဆာန်အညစ်အကြေးများကို ကိုင်တွယ်ပြီးတိုင်း လက်ကို စနစ်တကျ ဆေးကြောရန် လိုအပ်ပါသည်။



"ပြည်သူသာလျှင် အဓိက"
ဖြစ်သောကြောင့်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက
ထုတ်ပြန်ထားသည့်
(COVID-19) ရောဂါကာကွယ်ရေး
နည်းလမ်းများကို
ပြည်သူတစ်ယောက်ချင်းစီတိုင်းက
ပူးပေါင်းပါဝင်
လိုက်နာပေးကြပါရန်
တိုက်တွန်းအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာရေးရာလေ့လာရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်မှာကြား

ရန်ကုန် မတ် ၂၁

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ် (၂၂၈) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအဆောက်အအုံအတွင်းရှိ မြန်မာရေးရာလေ့လာရေးအဖွဲ့ရုံး၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။(ယာပုံ)**

အစည်းအဝေးသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာရေးရာလေ့လာရေးအဖွဲ့မှ ပညာရှင်များဖြစ်ကြသော ဦးအေးမောင် (အေးမောင်ကျော်)၊ ဦးသန်းအုန်း (မောင်ဇေယျာ)နှင့် ဦးရဲမြင့်ကျော်တို့ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် မြန်မာရေးရာလေ့လာရေးအဖွဲ့ကို ၂၀၁၆ ခုနှစ် ဇွန် ၁၅ ရက်မှစ၍ ဖွဲ့စည်းခဲ့မှု၊ သုတေသနအခြေခံစာစောင်များ ထုတ်ဝေနေမှုနှင့် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့မှုတို့အပေါ် ပြန်လည်သုံးသပ်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များ လျာထားသတ်မှတ်ခြင်းတို့ကို ဆွေးနွေးကြသည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့(Center for Myanmar Affairs Studies) ကို မြန်မာနိုင်ငံတွင် သုတေသနလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးရေး၊ သုတေသနအခြေခံစာစောင်များ ထုတ်ဝေနိုင်ရေး၊ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲများ ကျင်းပနိုင်ရေး ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ၂၀၁၆ ခုနှစ် ဇွန် ၁၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး သုတေသနအခြေခံစာစောင်များဖြစ်သော မြန်မာရေးရာ၊ ကမ္ဘာရေးရာနှင့် တိုင်းရင်းသားရေးရာ



စာစောင်များ ထုတ်ဝေခြင်း၊ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း အမှတ်(၁၀၂)ရှိ နဝဒေးရုပ်ရှင်ရုံးဝင်းအတွင်း၌ အမျိုးသားဖလင်မော်ကွန်းတိုက် ဆောက်လုပ်ရေးစီမံကိန်း လျာထားမြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

# ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေး၊ အချောသပ်လုပ်ငန်းများ ဆောင်ရွက်ရေးနှင့် နယ်စပ်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် အလှူတော်ငွေပေးအပ်ပွဲ ကျင်းပ



ရန်ကုန် မတ် ၂၁

ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေး၊ အချောသပ်လုပ်ငန်းများ ဆောင်ရွက်ရေးနှင့် နယ်စပ်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် Fuxing Brothers Group of Companies ဥက္ကဋ္ဌ ဦးအိုင်ထွန်း+သုဓမ္မသိင်္ဂီ ဒေါ်နန်းခင်ညွန့်မိသားစုက ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေကျပ်သိန်း ၃၃၂၀ (ဝဲပုံ) နှင့် နယ်စပ်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် အလှူငွေကျပ် သိန်း ၃၀၀၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးဇော်မိုးခိုင်+ဒေါက်တာစောနေနွယ် (AA Medical Products Co., Ltd.) မိသားစုက ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေကျပ် သိန်း ၁၂၀၀ နှင့် နယ်စပ်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် အလှူငွေကျပ် သိန်း ၃၅၀ တို့ကိုလည်းကောင်း၊ ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဦးဝင်းဖေ+ဒေါ်ရွှေချော၊ သမီး သီရိသုဓမ္မသိင်္ဂီ ဒေါ်နီလာ၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်နန်းဝါ မိသားစုက အလှူငွေကျပ် သိန်း ၁၀၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးမိုးအား အမှူးထား၍ ဗိုလ်မှူးကျော်ကိုကိုရှိန်း+မမိုးပြည့်ပြည့်ဖြိုး မိသားစု(မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် KS Diamond ရတနာဆိုင်)က အလှူငွေကျပ် သိန်း ၅၀၀ ၊ SME Development Bank ဒုတိယဥက္ကဋ္ဌ ဒေါက်တာဇေယျာညွန့်+သီရိသုဓမ္မသိင်္ဂီ ဒေါ်အိသန္တာဘို မိသားစုက အလှူငွေကျပ် သိန်း ၂၀၀၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်ပိုးအိဖြူမောင်(ပြည့်ဝခိုင်မာ ဆောက်လုပ်ရေးကုမ္ပဏီ)က အလှူငွေကျပ် သိန်း ၁၀၀ နှင့် ဦးဇော်မင်းခိုင်+ဒေါ်ဥမ္မာခိုင် မိသားစု(မြန်မာ့ရိုးရာစက်မှုလက်မှုကုမ္ပဏီလီမိတက်)က အလှူငွေ ကျပ်သိန်း ၅၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၌ လေအေးပေးစက်ပါ လေအိတ်ရထား တိုးချဲ့ပြေးဆွဲခြင်းအခမ်းအနား တက်ရောက်

**နေပြည်တော် မတ် ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၌ လေအေးပေးစက်ပါ လေအိတ်တွဲဆိုင်းအသစ်များဖြင့် အမှတ်(၃၁) အဆန်နှင့် အမှတ်(၃၂)အစုန်တို့ စတင်ပြေးဆွဲခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့ရှိ မန္တလေးဘူတာကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် တာဝန်ရှိသူများက မွန်းလွဲ ၁ နာရီတွင် မန္တလေးဘူတာမှ စတင်ထွက်ခွာမည့် အမှတ်(၃၁) အဆန်ရထားစီး ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မြန်မာ့မီးရထားအနေဖြင့် မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းတွင် ယခုပြေးဆွဲပေးသည့် လေအေးပေးစက်ပါ လေအိတ်ရထားတွဲများကို ကိုရီးယားသမ္မတနိုင်ငံ ချေးငွေဖြင့် ဝယ်ယူခဲ့ပြီး အထက်တန်းတွဲ ၁၀ တွဲ၊ စားသောက်တွဲတစ်တွဲနှင့် လူစီးဘရိတ်တွဲ တစ်တွဲ စုစုပေါင်း ၁၂ တွဲဖြင့် ခရီးစဉ်စ/ဆုံး အထက်တန်း(ထိုင်ခုံ) တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း၊ ရိုးရိုးတန်း(ထိုင်ခုံ) တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ပြေးဆွဲသွားမည်ဖြစ်သည်။

ထိုသို့ပြေးဆွဲရာတွင် အမှတ် (၃၁) အဆန်ရထားသည် မန္တလေးဘူတာမှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာ၍ မြစ်ကြီးနားဘူတာသို့ နောက်တစ်နေ့ နံနက် ၇ နာရီတွင် ရောက်ရှိမည်ဖြစ်ပြီး အမှတ် (၃၂) အစုန်ရထားသည် မြစ်ကြီးနားဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာ၍ မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရောက်ရှိ မည်ဖြစ်ကာ လမ်းခရီးတွင် ရွှေဘို၊ ကန့်ဘလူ၊ ကောလင်း၊ နဘား၊ မိုးညှင်း၊ ဟိုပင်နှင့် မိုးကောင်းဘူတာများတွင် ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် တာဝန်ရှိသူများ မန္တလေးဘူတာမှ စတင်ထွက်ခွာမည့် အမှတ်(၃၁) အဆန်ရထားစီး ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

# ပြည်သူသာလျှင် အဓိက

❖ *ရွှေဖုံးမှ*

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးဇော်မိုးခိုင်တို့က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားရာတွင် လက်ရှိအချိန်ထိ COVID-19 ရောဂါသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဖွဲ့ဝင် ၁၉၄ နိုင်ငံ၌ ၁၇၇ နိုင်ငံတွင် ကူးစက်ဖြစ်ပွားနေပြီး မြန်မာနိုင်ငံအပါအဝင် ၁၇ နိုင်ငံတွင်သာ ရောဂါဖြစ်ပွားမှု မတွေ့ရှိသေးပါကြောင်း၊ မိမိတို့သည် COVID-19 ဆိုသည့်ရန်သူကို သိနေပြီဖြစ်သည့်အတွက် ရန်သူဝင်ရောက်လာခြင်း မရှိစေရန် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်မှာ နှစ်လခွဲခန့် ရှိပြီဖြစ်ပါကြောင်း။

COVID-19 ရောဂါပိုး ကူးစက်ခံရသူများ၏ (၈၀ ရာခိုင်နှုန်း)ခန့်သည် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ သာမန်လက္ခဏာများသာရှိပြီး ပြင်းထန်မှုမရှိကြောင်း၊ ၁၅ ရာခိုင်နှုန်းခန့်သည် ပြင်းထန်သောလက္ခဏာများ ဖြစ်ပွားပြီး လူနာများ၏ ၅ ရာခိုင်နှုန်းခန့်တွင်သာ သေဆုံးနိုင်သည်အထိ ပြင်းထန်စွာဖြစ်ပွားနိုင်ပါကြောင်း။

ပြည်သူ့ကျန်းမာရေးကဏ္ဍမှနေ၍ ရောဂါကာကွယ်စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း၊ ပြည်သူများကို အသိပညာပေးခြင်းလုပ်ငန်း၊ ရောဂါဖြစ်ပွားရာဒေသမှ ခရီးသည်များ နိုင်ငံအတွင်းသို့ ဝင်ရောက်မှုနည်းပါးအောင် ဆောင်ရွက်နေခြင်းကြောင့် ယခုအချိန်အထိ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း မိမိတို့နိုင်ငံအတွင်းသို့ ရောဂါရန်သူ ဝင်ရောက်နေသကဲ့သို့ သဘောထား၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် အရေးကြီးပါကြောင်း။




တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အလှူရှင်တစ်ဦး၏ လှူဒါန်းမှုကို လက်ခံစဉ်။ သတင်းစဉ်

ထိုကဲ့သို့ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အချိန်နှင့်တစ်ပြေးညီ စီမံဆုံးဖြတ် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများကို လုပ်ပိုင်ခွင့် အပြည့်အဝပေးထားပြီး ဖြစ်ပါကြောင်း။

မိမိတို့သည် ယခုအချိန်တွင် စစ်ပွဲတစ်ခုကို တိုက်ခိုက်နေသကဲ့သို့ သဘောထား၍ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း သို့မဟုတ်ပါက ထိခိုက်နစ်နာဆုံးရှုံးမှု များမည်ဖြစ်ပါကြောင်း။

COVID-19 ရောဂါ ကူးစက်ပြန့်ပွားပုံ သဘောသဘာဝကို လက်ရှိအချိန်တွင် ရာနှုန်းပြည့် အတိအကျ မသိရှိသေးသော်လည်း သိရှိရသော အချက်အလက်များအရ ရောဂါကူးစက်ဖြစ်ပွားနေသူ၏ အသက်ရှုလမ်းကြောင်းမှ အစက်အမှုန်များသည် ထိုလူနာ၏ နှာခေါင်း၊ ပါးစပ်တို့မှတစ်ဆင့် ပြင်ပသို့ ရောက်ရှိပြီး ခြောက်ပေခန့်အတွင်းရှိ ပတ်ဝန်းကျင်မှ အခြားသူများကို တိုက်ရိုက်ကူးစက်နိုင်ခြင်း (သို့မဟုတ်) အဆိုပါရောဂါပိုးပါရှိသော အစက်အမှုန်များ ကပ်ငြိနေသည့် ပစ္စည်းများ၊ အရာဝတ္ထုများကို လက်ဖြင့်ကိုင်တွယ်မိပြီး နှာခေါင်း၊ မျက်စိတို့ကို ကိုင်တွယ်ခြင်းတို့မှတစ်ဆင့် ကူးစက်ခံရသည်ကို တွေ့ရှိပါကြောင်း။

**ပြည်သူများ လက်ကို မကြာခဏ စနစ်တကျဆေးကြောသန့်စင်ရန်**

ထိုကဲ့သို့ ကိုင်တွယ်မိသော လက်များကို ရေနှင့် ဆပ်ပြာအသုံးပြု၍ ၂၀ စက္ကန့်ခန့်ကြာအောင် စနစ်တကျဆေးကြောပါက COVID-19 ဗိုင်းရပ်စ်ပိုးသည် ကောင်းစွာသေပါကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအား လက်ကို မကြာခဏ စနစ်တကျ ဆေးကြောသန့်စင်ရန် ပြောကြားနေရခြင်း ဖြစ်ပါကြောင်း။

COVID-19 ရောဂါနှင့် ပတ်သက်၍ ပြည်သူများ သိရှိရမည့်အချက်များ၊ လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများနှင့် ဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် Facebook စာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ ပြည့်စုံစွာ ဖော်ပြလျက်ရှိ၍ ပြည်သူများအနေဖြင့် ပုံမှန်ကြည့်ရှုကြစေလိုပြီး ထပ်ဆင့်ဖြန့်ဝေစေလိုပါကြောင်း၊ သတင်းမှန်များကို ထပ်ဆင့်ဖြန့်ဝေခြင်းဖြင့် သတင်းမှားများ၊ ကောလာဟလများ လျော့နည်းပပျောက်သွားမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**မိမိကိုယ်ကို ရောဂါမကူးစက်ခံရအောင် ကာကွယ်ခြင်းသည်ထိရောက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်မှာကြားထားသည့် "ပြည်သူသာလျှင် အဓိက" ဖြစ်သည်ဆိုသည့်အတိုင်း ပြည်သူများကိုယ်တိုင် အသိစိတ်ဓာတ်ရှိစွာဖြင့် မိမိကိုယ်ကို ရောဂါမကူးစက်ခံရအောင် ကာကွယ်ခြင်းသည် အထိရောက်ဆုံးဖြစ်ပါကြောင်း။

အလှူရှင်များ ယခုလှူဒါန်းသည့် အသက်ရှူစက် (ventilator) များ၊ လူနာစောင့်ကြည့်စက် (patient monitor)နှင့် အခြားဆေးနှင့် ဆေးပစ္စည်းကိရိယာများသည် ကျန်းမာရေးဝန်ထမ်းများက လူနာများကို ပြုစုကုသရာတွင် များစွာ အထောက်အကူပြုမည်ဖြစ်ပြီး လူနာများ၏ အသက်များစွာကို ကယ်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း။

ယခုလှူဒါန်းမှုများသည် COVID-19 ရောဂါအတွက်သာမက အထူးကြပ်မတ်ကုသဆောင်တွင် ထားရှိကုသရမည့် အခြားလူနာများအတွက်လည်း များစွာ အကျိုးပြုမည်ဖြစ်ပါကြောင်း။

အဆိုပါစက်ပစ္စည်းကိရိယာများကို အသုံးပြု၍ ဆရာဝန်များ၊ သူနာပြုဆရာမများကိုလည်း လေ့ကျင့်သင်ကြားပေးနိုင်မည်ဖြစ်၍ ရေတို၊ ရေရှည် ကာလနှစ်ခုစလုံးအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း။

လက်ခံရရှိသော ငွေကြေး၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို လိုအပ်သောနေရာများတွင် ထိရောက်အကျိုးရှိစွာ စနစ်တကျ သုံးစွဲနိုင်ရေးအတွက် လမ်းညွှန်ချက်များ ထုတ်ပြန်ပြီး ဦးစားပေးနေရာများ ရွေးချယ်ကာ စနစ်တကျ သုံးစွဲသွားမည်ဖြစ်ပါကြောင်း။

ယခုလှူဒါန်းသော ငွေကြေး၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများသည် ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် များစွာအထောက်အကူပြုမည်ဖြစ်ပြီး ရောဂါကူးစက်ပြန့်ပွားမှု လျော့နည်းစေရေးနှင့် သေဆုံးမှု မရှိစေရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လက်နက်ကောင်းများ ဖြစ်ပါကြောင်း။

အလှူရှင်များကို ဆရာဝန်/ဆရာမများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက လူနာများကို ဆေးပညာရှင်များ၏ ကျင့်ဝတ်နှင့်အညီ ကောင်းစွာ ပြုစုစောင့်ရှောက်နိုင်မည်ဖြစ်၍ ကျေးဇူးတင်ကြမည့်အပြင် မိမိအနေဖြင့်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် လည်းကောင်း Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီအတွင်းရေးမှူးအနေဖြင့် လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဉာဏ်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဦးသိန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ မြို့တော်ဝန် ဦးမောင်မောင်စိုးတို့က လှူဒါန်းမှုအား လက်ခံကြပြီး အလှူရှင်များထံ ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

အဆိုပါ လှူဒါန်းပွဲ၌ အလှူရှင် ၄၃ ဦးထံမှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ လှူဒါန်းငွေကျပ်(လေးထောင့်နှစ်ရာငါးဆယ့်ခြောက်သိန်း)ကိုလည်းကောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁၀,၀၀၀၊ ငွေကျပ် ၅,၆၅၈ သိန်းကျော်၊ စင်ကာပူဒေါ်လာ ၁၀၀,၀၀၀၊ အမေရိကန်ဒေါ်လာ ၁၀,၀၀၀ တန်ဖိုးရှိ အနီအောက်ရောင်ခြည်သုံး ကိုယ်အပူချိန်တိုင်းကိရိယာ နှစ်စုံ၊ အသက်ရှူစက် (ventilator) ၁၃ စုံ၊ High Frequency X-rays နှစ်လုံး၊ Patient Monitor သုံးလုံး၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများ၊ ခွဲစိတ်ခန်းသုံး ပါးစပ်နှင့် နှာခေါင်းစည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများကို လည်းကောင်း။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့ လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၁၅ သိန်းနှင့် ငွေကျပ် ၆၅၈ သိန်းကျော်တန်ဖိုးရှိ အသက်ရှူစက် တစ်စုံ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ပရိဘောဂများ၊ ခေါက်ဆွဲနှင့် ကြာဆံအထုပ်ရေ ၁၀၀,၀၀၀၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများ၊ Safety Surgical Kit များ၊ Air Cooler ၁၀ လုံးနှင့် ငွေကျပ် ၆၇ သိန်း၊ ဒေါ်လာ ၄၄၀၀ တန်ဖိုးရှိ အင်တာနက်နှင့် CCTV များကို လည်းကောင်း လက်ခံရရှိခဲ့သည်။

ယနေ့ လှူဒါန်းပွဲတွင် အလှူရှင်များက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့ လှူဒါန်းသော အလှူပစ္စည်းနှင့် ငွေသား စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁,၀၈၀,၄၁၀,၄၇၆၊ အမေရိကန်ဒေါ်လာ ၂၄၄၀၀ နှင့် စင်ကာပူဒေါ်လာ ၁၀၀,၀၀၀ တို့ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးနှင့် ကလေးဆေးရုံဝင်း အတွင်းရှိ COVID-19 ရောဂါ ကူးစက်ဖြစ်ပွားနေသောနိုင်ငံများမှ ပြန်လာသူများနှင့် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများအား ရောဂါလက္ခဏာမရှိသော်လည်း အသွားအလာ ကန့်သတ်ထားရှိ၍ စောင့်ကြပ်ကြည့်ရှု ခြင်း (Quarantine) ပြုလုပ်နေသော သုံးထပ်လူနာဆောင် အသစ်သို့ သွားရောက် ကြည့်ရှုသည်။

**အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်**

ထိုသို့သွားရောက်စဉ် တာဝန်ကျ ဆရာဝန်များ၊ သူနာပြုဆရာများနှင့် တွေ့ဆုံဆွေးနွေး၍ လိုအပ်ချက်နှင့် အခက်အခဲများကို မေးမြန်းပြီး လမ်းညွှန်မှာကြားရာ၌ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးစီး၍ သက်ဆိုင်သူများနှင့် ညှိနှိုင်းပြီး အသွားအလာကန့်သတ်ခြင်း (Quarantine) ပြုလုပ်ခြင်းလုပ်ငန်းကို စီမံဆုံးဖြတ်ရန်၊ အချိန်ပိုဆင်းရသော ဝန်ထမ်းများကို နေ့တွက်စရိတ် အပိုဆောင်းထောက်ပံ့ပေးရန်၊ ရောဂါကူးစက်ခံရမှု မရှိစေရေးအတွက် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးပစ္စည်းများ (PPE) လုံလောက်စွာ ထောက်ပံ့ပေးရန်၊ အခြားလိုအပ်ချက်များရှိပါက COVID-19 Group email မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ရန်။

ဓာတ်ခွဲနမူနာတွင် COVID-19 ရောဂါပိုးကို စစ်ဆေးမတွေ့ရှိရ၍ အိမ်တွင်ထားရှိပြီး အသွားအလာကန့်သတ်ကာ ဆက်လက်စောင့်ကြပ်ကြည့်ရှုရမည့်သူများကို လိုက်နာဆောင်ရွက်ရမည့် အချက်များအား သေချာစွာ ရှင်းလင်းပြောကြားရန်နှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ပေးထားရန်၊ ပုဂ္ဂိုလ်ရေးရာလုံခြုံမှုရှိစေရေးကို ဂရုတစိုက်ကြပ်မတ်ပေးရန်တို့ကို မှာကြားခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးနှင့် ကလေးဆေးရုံရှိ အဆိုပါ သုံးထပ်လူနာဆောင်သစ်တွင် လူဦးရေ ၁၀၀ ကို ထားရှိစောင့်ကြပ်နိုင်ရန် အသင့်ပြင်ဆင်ထားရှိပြီးဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံသို့ သွားရောက်ပြီး မည်သည့်ရောဂါလက္ခဏာမျှ မရှိသော်လည်း COVID-19 ရောဂါ ကူးစက်ဖြစ်ပွားနေသော နိုင်ငံများမှ ပြန်လာသူများနှင့် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သောသူများကို ထားရှိ၍ စောင့်ကြပ်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု (၄) နှစ်မြောက်နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

# ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်တစ်စင်းရဲ့မိသားစု (မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု)

ဝင်းဇေယျာထွန်း

ကျွန်တော်တို့ရဲ့ကမ္ဘာမြေပေါ်မှာ မိခင်သဘာဝကြီးရဲ့ လက်ဆောင်တွေဖြစ်တဲ့ မြစ်ပေါင်းများစွာ စီးဆင်းလျက်ရှိပြီး စီးဆင်းရာမြစ်ကြောင်းတစ်လျှောက်မှာ မှီတင်းနေထိုင်သူများရဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေမှု၊ သာယာဝပြောစေမှုစတာတွေကို ဆောင်ကြဉ်းပေးလျက်ရှိပါတယ်။ အချို့သောမြစ်ကြီးများကတော့ ဒီထက်ပိုပြီးနက်နဲတဲ့အဓိပ္ပာယ်ကို ဆောင်နေခဲ့ပါတယ်။

ဒီလိုနက်နဲတဲ့အဓိပ္ပာယ်ဆောင်တဲ့ မြစ်တွေအထဲမှာ မဲခေါင်မြစ်ဟာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ မိုင်ပေါင်း ၂၇၀၀ ကျော် ရှည်လျားသော ကမ္ဘာ့ (၁၂) ခုမြောက် အရှည်ဆုံးမြစ်ဖြစ်တဲ့ မဲခေါင်မြစ်ဟာ တရုတ်နိုင်ငံရဲ့ တိဗက်ကုန်းမြေမြင့်ဒေသမှာ မြစ်ဖျားခံပြီး တရုတ်၊ မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတွေကို ဖြတ်သန်းစီးဆင်းပါတယ်။ ပထဝီအနေအထားအရ ကြည့်ရင် မဲခေါင်မြစ်ဟာ သူဖြတ်သန်းစီးဆင်းရာ တစ်လျှောက်မှာရှိတဲ့နိုင်ငံတွေကို ရစ်ပတ်စုစည်းထားသလိုမျိုး တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ မဲခေါင်မြစ်ကို တရုတ်နိုင်ငံက “လန်ချန်းမြစ်” လို့ ခေါ်ဆိုပြီး မြန်မာအပါအဝင် ကျန်နိုင်ငံတွေက “မဲခေါင်မြစ်” လို့ ခေါ်ပါတယ်။




မဲခေါင်-လန်ချန်းမြစ်

မဲခေါင်မြစ်ဟာ ဖြတ်သန်းစီးဆင်းရာတစ်လျှောက်မှာရှိတဲ့ နိုင်ငံများအကြားမှာ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေ၊ တွေးခေါ်မှုပုံစံတွေ၊ နေထိုင်စားသောက်မှု စရိုက်လက္ခဏာတွေကို ပျံ့နှံ့ဆက်နွယ်မှု ရှိစေခဲ့ပါတယ်။ ဒီလို ရေမြေသဘာဝ နီးကပ်မှု၊ သမိုင်းနဲ့ ယဉ်ကျေးမှုဆက်နွယ်မှုတွေကြောင့် မဲခေါင်မြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ နိုင်ငံတွေကို မဲခေါင်မိသားစုနိုင်ငံများလို့ တင်စားခေါ်ဆိုနိုင်ပါတယ်။

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စတင်ပေါ်ပေါက်လာခြင်း**

မဲခေါင်မိသားစုအယူအဆ (Mekong family concept) ကို လက်တွေ့စတင်အကောင်အထည်ဖော်ခဲ့တဲ့ ဘူမိနက်သန်နေရာကတော့ မြန်မာနိုင်ငံ နေပြည်တော်ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၊ နေပြည်တော်မှာ ကျင်းပခဲ့တဲ့ (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးမှာ မဲခေါင်ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟနေခြင်းကို လျှော့ချရန်နဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ကြောင်း ထိုင်းနိုင်ငံက ဆွေးနွေးခဲ့ပါတယ်။ ထိုင်းနိုင်ငံရဲ့ ဆွေးနွေးမှုအပေါ် အခြေခံပြီး တရုတ်နိုင်ငံက မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်တဲ့ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ရပ်ထူထောင်ရန် အဆိုပြုခဲ့ပါတယ်။ ဒေသတွင်းနိုင်ငံများအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ဖြတ်သန်းစီးဆင်းနေတဲ့ မဲခေါင်မြစ်ရဲ့ ရစ်ပတ်စုစည်းထားမှုပုံစံဖြင့် တင်စားဂုဏ်ပြုပြီး “မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု (Mekong-Lancang Cooperation – MLC)” လို့ ခေါ်ဆိုခဲ့ကြပါတယ်။ အဲဒီအချိန်ကစပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ် စတင်ခဲ့တာဖြစ်ပါတယ်။

**မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်၏ အစပျိုးခြင်း**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရဲ့ ပထမအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ တရုတ်နိုင်ငံ ကျင်းဟုံမြို့၌ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးကို တရုတ်နိုင်ငံတော်ကောင်စီဝင်နဲ့နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနဲ့ ထိုင်းနိုင်ငံခြားရေး ဝန်ကြီး ဒွန်ပရာမွန်ဒိုင်းတို့က ပူးတွဲသဘာပတိများအဖြစ် ဦးဆောင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအပါအဝင် မဲခေါင်နိုင်ငံများအားလုံးမှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ခဲ့ပါတယ်။ ဒီအစည်းအဝေးကနေပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကို အောက်ပါမဏ္ဍိုင် (၃) ခုနဲ့ ဖွဲ့စည်းသွားဖို့ သဘောတူခဲ့ပါတယ်-

(က) နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင် (Political and Security)

(ခ) စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင် (Economic and Sustainable Development)

(ဂ) လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးမဏ္ဍိုင် (Social, Cultural and People-to-People Exchanges)

နိုင်ငံရေးနှင့်လုံခြုံရေးမဏ္ဍိုင်အောက်မှာ မဲခေါင်နိုင်ငံများရဲ့ အစိုးရ၊ လွှတ်တော်၊ ကာကွယ်ရေးနဲ့ တရားဥပဒေစိုးမိုးမှုဆိုင်ရာ အဖွဲ့အစည်းများအကြား ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ အကြမ်းဖက်မှု၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ သဘာဝဘေးအန္တရာယ်အစရှိတဲ့ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများအား ထိရောက်စွာ တုံ့ပြန်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး စတဲ့လုပ်ငန်းတွေကို အိမ်နီးချင်းကောင်းပီသစွာနဲ့ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ညှိနှိုင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင်အောက်မှာတော့ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှု၊ ပေါင်းစည်းဆက်နွယ်မှု (Connectivity)၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများတည်ဆောက်မှု၊ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် ပုဂ္ဂလိက ကဏ္ဍမှ ပိုမိုပါဝင်ရေး၊ ရေ အရင်းအမြစ်ဆိုင်ရာ၊ စွမ်းအင်ဆိုင်ရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန်ဖြစ်ပါတယ်။

လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံရေးမဏ္ဍိုင်မှာ သိပ္ပံ၊ နည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးကဏ္ဍ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးကဏ္ဍ၊ မီဒီယာကဏ္ဍစသည်တို့မှာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားဖို့လည်း သတ်မှတ်ခဲ့ပါတယ်။

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု တရားဝင်စတင်ခြင်း**

၂၀၁၆ ခုနှစ်၊ မတ်လမှာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရဲ့ ပထမအကြိမ် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို တရုတ်နိုင်ငံ ဆန်းယမြို့မှာ ကျင်းပခဲ့ပြီး ဆန်းယကြေညာစာတမ်း (Sanya Declaration) ကို ကြေညာနိုင်ခဲ့ပါတယ်။ ဆန်းယကြေညာစာတမ်းအရ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်မှာ ကိုယ်စီထားရှိသွားရမယ့် မဲခေါင်-လန်ချန်းစိတ်ဓာတ် (MLC Spirit)၊ မဲခေါင်-လန်ချန်း အခြေခံမှု (MLC Principles)၊ မဲခေါင်-လန်ချန်း လုပ်ငန်းဆောင်ရွက်မှု မူဘောင် (MLC Framework)၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဦးစားပေးနယ်ပယ်ငါးခု (MLC Priority Cooperation Areas) နဲ့ ပထမအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက တင်ပြလာတဲ့ ပူးပေါင်းဆောင်ရွက်ရေးမဏ္ဍိုင်သုံးခု (MLC Cooperation Pillars) တို့ကို အတည်ပြု သတ်မှတ်ပေးနိုင်ခဲ့ပါတယ်။ ဒီကြေညာချက်အရ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုကို တရားဝင်စတင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေး ကျင်းပခဲ့တဲ့ မတ်လ ၂၃ ရက်နေ့ကို “မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နှစ်ပတ်လည်နေ့” အဖြစ် သတ်မှတ်ခဲ့ပြီး အဆိုပါရက်သတ္တပတ်မှာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လှုပ်ရှားမှုများ ပြုလုပ်ကြဖို့ ၂၀၁၈ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှာ ပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးက သဘောတူခဲ့ကြပါတယ်။




၂၀၁၆ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆန်းယမြို့၌ ပထမအကြိမ် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကျင်းပစဉ်။

ဆန်းယကြေညာစာတမ်းအရ မဲခေါင်နိုင်ငံများဟာ ပွင့်လင်းပြီး အားလုံးပါဝင်နိုင်မှု (Openness and inclusiveness) ကို အရင်းတည်တဲ့ မဲခေါင်-လန်ချန်း စိတ်ဓာတ် (MLC Spirit) ထားရှိကာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ရာမှာ အောက်ပါအခြေခံမှု (၇) ချက် (Principles) အတိုင်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်-

(က) တူညီဆန္ဒ (Consensus)

(ခ) ညီတူညီမျှရှိမှု (Equality)

(ဂ) အပြန်အလှန်အကြံပြုဆွေးနွေးမှုနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်မှု (Mutual Consultation and Coordination)

(ဃ) မိမိဆန္ဒအလျောက်ပါဝင်မှု (Voluntarism)

(င) အားလုံးမှ ပါဝင်ပူးပေါင်းထည့်ဝင်ဆောင်ရွက်မှု (Common Contribution)

(စ) အကျိုးအမြတ်မျှဝေခံစားမှု (Shared Benefits)

(ဆ) ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့်နိုင်ငံတကာဥပဒေများကိုလေးစားမှု (Respect for UN Charter and international laws)

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ရည်ရွယ်ချက်**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရဲ့ အဓိကရည်ရွယ်ချက်ကတော့ မဲခေါင်ဒေသတွင်းနိုင်ငံများရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပြီး သာယာဝပြောမှုကို တိုးမြှင့်ပေးရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကွာဟနေခြင်းကို လျှော့ချသွားရန်၊ အာဆီယံအသိုက်အဝန်းတည်ထောင်မှုကို အထောက်အကူပြုရန်၊ ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ ၂၀၃၀ ရည်မှန်းချက်များကို တိုးမြှင့်အကောင်အထည်ဖော်သွားရန်နဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး (South-South Cooperation) ကို တိုးမြှင့်သွားရန်တို့ ဖြစ်ပါတယ်။

**လုပ်ငန်းဆောင်ရွက်မှုမူဘောင်များ**

နိုင်ငံ့ခေါင်းဆောင်များ အတည်ပြုခဲ့တဲ့ ဆန်းယကြေညာစာတမ်းပါ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရဲ့ လုပ်ငန်းဆောင်ရွက်မှုမူဘောင်များ (MLC Framework) ကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်-

(က) မဲခေါင်နိုင်ငံများ၏ ခေါင်းဆောင်များအားလုံးက တူညီဆန္ဒဖြင့် ချမှတ်ထားသော လမ်းညွှန်ချက်များအား မဲခေါင်နိုင်ငံများ၏အစိုးရများက ကြီးကြပ်အကောင်အထည်ဖော်သွားရန် (Leaders’ guidance and government-guided)၊

(ခ) ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အဖွဲ့အစည်း၊ အသိုက်အဝန်းပေါင်းစုံမှ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်နိုင်ရေးဆောင်ရွက်သွားရန် (All-round Cooperation and broad participation)၊

(ဂ) အဖွဲ့ဝင်နိုင်ငံများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် စီမံကိန်းများအား အကောင်အထည်ဖော်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကို ဆောင်ရွက်သွားရန် (Project-oriented model)။

**ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် (၅)ခု**

ဆန်းယကြေညာစာတမ်းအရ မဲခေါင်နိုင်ငံများဟာ အောက်ပါနယ်ပယ်(၅)ခုမှာ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်-

(က) ပေါင်းစည်းဆက်နွယ်မှု (Connectivity)

(ခ) ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု (Production Capacity Cooperation)

(ဂ) နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Cross-border Economic Cooperation)

(ဃ) ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Water Resources)

(င) စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Agriculture and Poverty Reduction)

*စာမျက်နှာ ၇ သို့*



လာအိုနိုင်ငံရှိ မဲခေါင်မြစ်အလှ

*စာမျက်နှာ ၆ မှ*

**ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တိုးချဲ့ရေး**

လက်ရှိပူးပေါင်းဆောင်ရွက်မှုပုံစံကို "၃+၅" မူဘောင် (3+5 Framework) လို့ ခေါ်ဆိုကြပါတယ်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို မဏ္ဍိုင်သုံးခု၊ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ငါးခုနဲ့ ဖွဲ့စည်းထားလို့ဖြစ်ပါတယ်။ သို့သော်လည်း ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှာ ကျင်းပခဲ့တဲ့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဒုတိယအကြိမ် နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးက အတည်ပြုခဲ့တဲ့ "မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ငါးနှစ်တာ လုပ်ငန်းအစီအစဉ် ၂၀၁၈-၂၀၂၂ (MLC Five-Year Plan of Action 2018-2022 - POA)" အရ ၃ + ၅ မူဘောင်ကို နောက်ထပ် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ ထပ်မံထည့်သွင်းပြီး ၃+၅+X (3+5+X Framework) အဖြစ် တိုးချဲ့သွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့သွားမယ့် ကဏ္ဍများကတော့ ကျန်းမာရေးကဏ္ဍ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနဲ့ ထိခိုက်ပျက်စီးမှုလျှော့ချရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ၊ အကောက်ခွန်နှင့် ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးမှုကဏ္ဍ၊ ယဉ်ကျေးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ ပညာရေးကဏ္ဍနဲ့ မီဒီယာကဏ္ဍများ ဖြစ်ကြပါတယ်။ ငါးနှစ်တာလုပ်ငန်း အစီအစဉ်ကို မဲခေါင်ဒေသခွဲအတွင်း မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးရဲ့ အခြေခံ လမ်းပြမြေပုံတစ်ခုလို့လည်း သုံးသပ်နိုင်ပါတယ်။

**ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အဆင့်ဆင့်**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရဲ့ လုပ်ငန်းဆောင်ရွက်မှုပုံစံ (Working structure) မှာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အလိုက် ပူးတွဲလုပ်ငန်းအဖွဲ့(Joint Working Group-JWG)၊ အဆင့်မြင့် အရာရှိကြီးများအစည်းအဝေး(Senior Officials' Meeting- SOM)၊ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (Foreign Ministers' Meeting) နဲ့ နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေး (Leaders' Meeting) ဆိုပြီး အဆင့်ဆင့်ဖွဲ့စည်းထားပါတယ်။ နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးကို နှစ်နှစ်တစ်ကြိမ် ကျင်းပပြီး နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို နှစ်စဉ်ကျင်းပပါတယ်။ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနဲ့ ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးများကို လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်ပြီး ကျင်းပလေ့ရှိပါတယ်။

ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် ငါးခုရှိပေမယ့် ပူးတွဲလုပ်ငန်းအဖွဲ့ (Joint Working Group-JWG) ခုနစ်ခု ဖွဲ့စည်းထားပါတယ်။ နယ်ပယ်ငါးခုမှာ ပူးတွဲလုပ်ငန်းအဖွဲ့ ခုနစ်ဖွဲ့ရှိရခြင်းက စိုက်ပျိုးရေးနဲ့ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်မှာ "စိုက်ပျိုးရေး" အတွက် ပူးတွဲလုပ်ငန်းအဖွဲ့တစ်ခု၊ "ဆင်းရဲနွမ်းပါးမှုလျှော့ချရေး" အတွက် ပူးတွဲလုပ်ငန်းအဖွဲ့တစ်ခုအဖြစ် သီးခြားစီ ခွဲထုတ်ဆောင်ရွက်ကြလို့ဖြစ်ပြီး သံတမန်ရေးရာပူးတွဲလုပ်ငန်းအဖွဲ့ (Diplomatic Joint Working Group-DJWG) ဟာလည်း ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ငါးခုမှာ မပါဝင်ဘဲ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ခုလုံးရဲ့ မူဝါဒဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန်နဲ့ နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့ကို အထောက်အကူပြုဖို့အတွက် သီးခြားဖွဲ့စည်းခဲ့လို့ ဖြစ်ပါတယ်။

ပူးတွဲလုပ်ငန်းအဖွဲ့တွေမှာ ကဏ္ဍအလိုက် မဲခေါင်နိုင်ငံများရဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပေါင်းစည်းဆက်နွယ်မှုနယ်ပယ်နဲ့ ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန (စက်မှုဌာန)၊ နယ်စပ်ဖြတ်ကျော်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ပူးတွဲလုပ်ငန်းအဖွဲ့အသီးသီးမှာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ သံတမန်ရေးရာပူးတွဲလုပ်ငန်းအဖွဲ့မှာတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ ပါဝင်ပါတယ်။

လက်ရှိအခြေအနေမှာ သံတမန်ရေးရာပူးတွဲလုပ်ငန်းအဖွဲ့နဲ့ ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကလွဲလို့ ကျန်ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များမှာ ဝန်ကြီးအဆင့် အစည်းအဝေးနဲ့ အဆင့်မြင့်အရာရှိကြီးအဆင့်အစည်းအဝေးများ ပြုလုပ်နိုင်ခြင်း မရှိသေးပါဘူး။




၂၀၁၈ ခုနှစ်က လာအိုနိုင်ငံ လွမ်ပရာဘမ်မြို့၌ စတုတ္ထအကြိမ် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပစဉ်။

ပထမအကြိမ် ရေအရင်းအမြစ်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့်အစည်းအဝေးကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း တရုတ်နိုင်ငံမှာ ကျင်းပနိုင်ခဲ့ပါတယ်။ ကျန်ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များအနေနဲ့ အနာဂတ်ကာလမှာ ဝန်ကြီးအဆင့်အစည်းအဝေးနဲ့ အဆင့်မြင့်အရာရှိကြီးအဆင့်အစည်းအဝေးများသို့ အဆင့်မြှင့်တင်ကျင်းပသွားနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

လုပ်ငန်းဆောင်ရွက်မှုပုံစံအနေနဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေကို ပူးတွဲလုပ်ငန်းအဖွဲ့တွေမှာ ဆွေးနွေးညှိနှိုင်းပြီး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့မှတစ်ဆင့် နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူတဲ့ပုံစံနဲ့ လုပ်ငန်းများဆောင်ရွက်ပါတယ်။ လက်ရှိမှာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် ငါးခုမှာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ကျင်းပနိုင်ခြင်းမရှိသေးတဲ့အတွက် ပူးတွဲလုပ်ငန်းအဖွဲ့တွေရဲ့ အစီရင်ခံစာတွေကို သံတမန်ရေးရာပူးတွဲလုပ်ငန်းအဖွဲ့ရဲ့ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးမှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးတို့သို့ တင်ပြအတည် ပြုချက်ရယူဆောင်ရွက်လျက် ရှိပါတယ်။

**ထူးခြားချက် သုံးခု**

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုမှာ အခြားသောဒေသတွင်းနဲ့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေနဲ့ မတူဘဲ ကွဲပြားခြားနားတဲ့ ထူးခြားချက် သုံးခုရှိပါတယ်။

**မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုလား၊ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုလား**

ပထမအချက်က ဒီပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကို တရုတ်နိုင်ငံဘက်က ထုတ်ပြန်တဲ့ တရားဝင်စာရွက်စာတမ်းတွေမှာ "**လန်ချန်း-မဲခေါင်** ပူးပေါင်းဆောင်ရွက်မှု (Lancang-Mekong Cooperation-LMC)" လို့သုံးနှုန်းပြီး ကျန်မဲခေါင်နိုင်ငံများက "**မဲခေါင်-လန်ချန်း** ပူးပေါင်းဆောင်ရွက်မှု (Mekong-Lancang Cooperation-MLC)" လို့တရားဝင်သုံးနှုန်းပါတယ်။ ဒီလိုကွဲပြားစွာ သုံးနှုန်းမှုအပေါ် မဲခေါင်နိုင်ငံများနဲ့ တရုတ်နိုင်ငံအကြားမှာ ပြဿနာအခက်အခဲတစ်စုံတစ်ရာ မရှိပါဘူး။ ဒါဟာဘာကိုညွှန်းဆိုတာလဲဆိုရင် မဲခေါင်နိုင်ငံများအကြားမှာရှိနေတဲ့ နက်နဲလှတဲ့ တစ်ဦးအပေါ်တစ်ဦး နားလည်ပေးနိုင်မှု၊ သဘောထားကြီးမှု၊ အပြန်အလှန်ယုံကြည်မှုနဲ့ လေးစားမှုတွေကို ဖော်ညွှန်းနေခြင်းဖြစ်ပါတယ်။ နိုင်ငံတကာစာမျက်နှာမှာ ကိုယ့်နိုင်ငံအသာစီးရဖို့ စကားလုံးလေးတစ်လုံး၊ စာကြောင်းလေးတစ်ကြောင်း၊ စာအထားအသို အရှေ့-အနောက်ထားရှိမှုလေးတစ်ခု စတာတွေအတွက် နိုင်ငံများအကြား ရက်ပေါင်းများစွာ၊ လပေါင်းများစွာ ငြင်းခုံတင်းမာနေကြတဲ့အချိန်မှာ အခုလို အပြန်အလှန်ယုံကြည်နားလည်မှုရှိတဲ့ အခြေအနေမျိုးကို ရှာတွေ့နိုင်ဖို့ ခက်ခဲပါတယ်။ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုရဲ့ နှစ်လိုဖွယ်ကောင်းပြီး ထူးခြားတဲ့ ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါတယ်။

**ညှိနှိုင်းဆွေးနွေးရန်မလိုသောပူးပေါင်းဆောင်ရွက်မှု**

ဒုတိယအချက်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်မှာ ညှိနှိုင်းဆွေးနွေးမှု (Negotiation) ဆိုတာမရှိပါဘူး။ အဖွဲ့ဝင်နိုင်ငံများအကြား အကြံပြုဆွေးနွေးတဲ့ပုံစံ (Consultation) နဲ့ လုပ်ငန်းများဆောင်ရွက်ကြလို့ဖြစ်ပါတယ်။ လွယ်လွယ်နဲ့ရှင်းအောင်ပြောရရင် ညှိနှိုင်းဆွေးနွေးမှု (Negotiation) ဟာ "မိမိတို့ဒီလိုလုပ်ချင်တယ်၊ ဒီအချက်ကိုတော့ မိမိတို့ရမှဖြစ်မယ်၊ မိမိတို့လုပ်ပေးနိုင်တာကတော့ ဒီလောက်ပဲ" လို့ ပြောတဲ့ပုံစံနဲ့တူပြီး အကြံပြုဆွေးနွေးတဲ့ပုံစံ(Consultation) ကတော့ "မိမိတို့ ဒီလိုလုပ်ချင်တယ်၊ ဒီနည်းလမ်းနဲ့လုပ်ချင်တယ်၊ ဒီထက်ကောင်းတဲ့ နည်းလမ်းများ ရှိကြပါသလား၊ မိမိတို့ဘက်က ဘာတွေလုပ်ပေးရမလဲ၊ အခြားအဖွဲ့ဝင်တွေဘက် ဘာတွေဖြည့်ဆည်းပေးမှာလဲ" လို့ပြောတဲ့ပုံစံနဲ့တူပါတယ်။ ဒီနှစ်ခုရဲ့ ကွဲပြားခြားနားမှုဟာ သိပ်ပြီး မထင်ရှားပေမယ့် လက်တွေ့ဆောင်ရွက်တဲ့နေရာမှာတော့ ကွဲပြားမှုရှိတယ်ဆိုတာ တွေ့ရပါတယ်။

**အရှိန်အဟုန်လျင်မြန်မှု**

တတိယအချက်က မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ရဲ့ လုပ်ငန်းဆောင်ရွက်မှုအရှိန်အဟုန်ဟာ ဒေသအတွင်းမှာ အမြန်ဆုံးလို့ပြောလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဟာ ၂၀၁၆ ခုနှစ် မတ်လမှာ စတင်ခဲ့ပေမဲ့ ၂၀၂၀ ပြည့်နှစ်အထိ လေးနှစ်တာအချိန်ကာလအတွင်းမှာ ဒေသတွင်းမှာ အရှိန်အဟုန်အလျင်မြန်ဆုံး လုပ်ငန်းစဉ်ဖြစ်တယ်လို့ ကောက်ချက်ချရတာဖြစ်ပါတယ်။

**မြေထိုးစက်စိတ်ဓာတ်**

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုမှာ မကြာခဏဆိုသလို ရည်ညွှန်းပြောဆိုလေ့ရှိတဲ့ စကားတစ်ရပ်ရှိပါတယ်။ ဒါကတော့ "မြေထိုးစက်စိတ်ဓာတ်" (Bulldozer Spirit) ဆိုတဲ့ ဝေါဟာရ ဖြစ်ပါတယ်။ မဲခေါင်ဒေသတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေးအတွက် အခက်အခဲမှန်သမျှကို မြေထိုးစက်ကြီးကဲ့သို့ ကြီးမားတဲ့ စုပေါင်းအင်အား၊ ပြင်းထန်တဲ့အရှိန်အဟုန်တွေနဲ့ တွန်းတိုက်ဖယ်ရှားမယ့်စိတ်ဓာတ်လို့ အဓိပ္ပာယ်ဖွင့်ပါတယ်။ ရင်ထဲအထိ သဘောပေါက်စေပြီး စိတ်ဓာတ်အင်အား အပြည့်အဝပေးတဲ့ ဝေါဟာရတစ်ခုလို့ ခံစားမိပါတယ်။ ဒီဝေါဟာရကို ဖန်တီးခဲ့သူကတော့ တရုတ်နိုင်ငံတော်ကောင်စီဝင်နဲ့နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ ဖြစ်ပါတယ်။

**မဲခေါင် - လန်ချန်းပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့**

၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှာ ပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်အား ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံအသီးသီးမှာ ညှိနှိုင်းကွပ်ကဲရေးအဖွဲ့များ ဖွဲ့စည်းသွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာလည်း နိုင်ငံတော်သမ္မတရုံးရဲ့ခွင့်ပြုချက်နဲ့ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ (Mekong-Lancang Cooperation-National Coordination Unit - Myanmar) (MLC-NCU-Myanmar) ကို နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ လက်အောက်မှာ ၂၀၁၇ ခုနှစ်၊ မေလက ဖွဲ့စည်းခဲ့ပါတယ်။ ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များမှာ တာဝန်ယူဆောင်ရွက်နေတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ပါတယ်။ အချို့အဖွဲ့ဝင်နိုင်ငံတွေမှာ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အတွင်းရေးမှူးရုံး (National Secretariat) လို့ ခေါ်ကြပါတယ်။




မန္တလေးမြို့၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီလက MLC Cultural Exchange Youth Camp အဖွဲ့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံကို တွေ့ရစဉ်။

ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အချို့မှာ ဝန်ကြီးအဆင့် အစည်းအဝေးအဆင့်သို့ မြှင့်တင်နိုင်ခဲ့ခြင်း၊ သံတမန်ရေးရာပူးတွဲလုပ်ငန်းအဖွဲ့ (Diplomatic Joint Working Group-DJWG) အပါအဝင် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အားလုံးမှာ ပူးတွဲလုပ်ငန်းအဖွဲ့များ (Joint Working Group-JWG) ဖွဲ့စည်းခြင်း၊ နိုင်ငံအားလုံးမှာ မဲခေါင်-လန်ချန်း ညှိနှိုင်းကွပ်ကဲရေးအဖွဲ့/ အတွင်းရေးမှူးရုံးများ (National Coordination Unit / MLC National Secretariat) ဖွဲ့စည်းခြင်း၊ အဆိုပါအဖွဲ့များအကြား လွယ်ကူစွာ ဆက်သွယ်ညှိနှိုင်းနိုင်ရန်အတွက် Hotline platform တည်ထောင်သတ်မှတ်နိုင်ခဲ့ခြင်း၊ ဘာသာရပ်အထူးပြုစင်တာ ခုနစ်ခုအထိ တည်ထောင်နိုင်ခြင်း၊ အဖွဲ့ဝင်နိုင်ငံအလိုက် ဘာသာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ (National Joint Working Group) များထူထောင်နိုင်ခြင်းစတဲ့ ဖွဲ့စည်းမှုဆိုင်ရာ (Institutional) လုပ်ငန်းစဉ်များကို ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

စီမံကိန်းအကောင်အထည်ဖော်တဲ့အပိုင်းမှာလည်း မဏ္ဍိုင် (၃) ခုနဲ့ ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်ငါးခုအောက်ကနေပြီး တရုတ်နိုင်ငံနဲ့ မဲခေါင်နိုင်ငံများမှ အဆိုပြုသော စီမံကိန်း ၄၂၃ ခုကျော်ကို ရွေးချယ် အတည်ပြုခဲ့ကာ စီမံကိန်းအကောင်အထည်ဖော်ရန် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေများမှ ရန်ပုံငွေထောက်ပံ့မှုများ ပြုလုပ်နိုင်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ လေးနှစ်တာ အချိန်တိုကာလအတွင်းရရှိခဲ့တဲ့ ဒီကိန်းဂဏန်းတွေဟာ အခြားသောဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွေ ဘယ်လိုမှ လိုက်လို့မမီနိုင်တဲ့အရာတွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဟာ

**အဖွဲ့ဝင်နိုင်ငံအလိုက် ဘာသာရပ်ဆိုင်ရာပူးတွဲလုပ်ငန်းအဖွဲ့များ**

ပူးပေါင်းဆောင်ရွက်မှုဧရိယာအလိုက် အဖွဲ့ဝင်နိုင်ငံများပါဝင်တဲ့ ပူးတွဲလုပ်ငန်းအဖွဲ့များ (MLC Joint Working Group-JWG) ကို ဖွဲ့စည်းထားရှိပြီး ဖြစ်သော်လည်း သက်ဆိုင်ရာနိုင်ငံအလိုက် လုပ်ငန်းများအကောင်အထည်ဖော်ရာမှာ ဝန်ကြီးဌာနများအကြား ချိတ်ဆက်ဆောင်ရွက်မှု အဆင်ပြေမှုရှိစေရန် နိုင်ငံအလိုက် ပူးတွဲလုပ်ငန်းအဖွဲ့များ (National Joint Working Group) ကို အဖွဲ့ဝင်နိုင်ငံများမှာ ဖွဲ့စည်းခဲ့ကြပါတယ်။ မြန်မာနိုင်ငံတွင်လည်း အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ လုပ်ငန်းအဖွဲ့များဖွဲ့စည်းခဲ့ပါတယ်။ လက်ရှိအချိန်အထိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်တဲ့ မဲခေါင်-လန်ချန်းပေါင်းစည်းဆက်နွယ်မှုဆိုင်ရာပူးတွဲလုပ်ငန်းအဖွဲ့ (National Joint Working Group on Connectivity) နဲ့ မဲခေါင်-လန်ချန်းရေအရင်းအမြစ်ဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ (National Joint Working Group on Water Resources Cooperation) တို့အား ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ အခြားသောလုပ်ငန်းအဖွဲ့များကိုလည်း ဆက်လက်ဖွဲ့စည်းသွားရန် ရှိပါတယ်။

**ဘာသာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစင်တာများ**

ပူးပေါင်းဆောင်ရွက်မှု ပိုမိုထိရောက်မှုရှိစေရန်အတွက် ဘာသာရပ်ဆိုင်ရာစင်တာများကို မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှာ ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပါတယ်။ မဲခေါင်-လန်ချန်း ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်မှုစင်တာ (Mekong-Lancang Water Resources Cooperation Centre) ကို *စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

တရုတ်နိုင်ငံ ပေကျင်းမှာ ၂၀၁၇ ခုနှစ် ဇွန်လအတွင်းက တည်ထောင်နိုင်ခဲ့ပြီး မဲခေါင်နိုင်ငံများအကြား ရေအရင်းအမြစ်ဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊ ရေအရင်းအမြစ်ဆိုင်ရာ နည်းပညာဖြန့်ဝေခြင်း၊ သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ရေအရင်းအမြစ်ဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများအတွက် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

မဲခေါင်-လန်ချန်း သဘာဝပတ်ဝန်းကျင် ပူးပေါင်းဆောင်ရွက်မှုစင်တာ (Mekong-Lancang Environmental Cooperation Centre) ကို ၂၀၁၇ခုနှစ် နိုဝင်ဘာလမှာ တရုတ်နိုင်ငံ ပေကျင်းမြို့၌ တည်ထောင်နိုင်ခဲ့ပါတယ်။ ဒီစင်တာအနေနဲ့ မဲခေါင်ဒေသအတွင်းမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ရေး၊ ဒေသတွင်းသဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုမူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်းသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။

မဲခေါင်-လန်ချန်းလုပ်ငန်းခွင်ပညာရေးနှင့်လေ့ကျင့်ရေးစင်တာ (Mekong-Lancang Vocational Education and Training Centre) ကို တရုတ်နိုင်ငံ ရွှေလီမြို့မှာ ၂၀၁၈ ခုနှစ်က လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှာ မဲခေါင်-လန်ချန်းလုပ်ငန်းခွင်ပညာရေးနှင့် လေ့ကျင့်ရေးစင်တာဌာနခွဲ (Mekong-Lancang Vocational Education and Training Centre) ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလမှာလည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒေသတွင်းနိုင်ငံများမှာ ရှိတဲ့ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုဆိုင်ရာ၊ အလုပ်သမားများ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။

မဲခေါင်-လန်ချန်း တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းစင်တာ (Integrated Law Enforcement and Security Cooperation Center of Lancang-Mekong River) ကို တရုတ်နိုင်ငံ ကူမင်းမြို့မှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ဖွင့်လှစ်ခဲ့ပါတယ်။ ဒီစင်တာအနေနဲ့ မဲခေါင်-လန်ချန်းမြစ်ကြောင်းတစ်လျှောက် တရားဥပဒေစိုးမိုးမှုရှိရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ ထိန်းချုပ်ရေး၊ တရားဥပဒေစိုးမိုးမှုဆိုင်ရာ သတင်းအချက်အလက်များ မျှဝေရေးနှင့် မြစ်ကြောင်းတစ်လျှောက် ညှိနှိုင်းကင်းလှည့်မှု (Coordinated Patrol) များဆောင်ရွက်ရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

> **“ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရဲ့ အဓိက ရည်ရွယ်ချက်ကတော့ မဲခေါင်ဒေသတွင်းနိုင်ငံများရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပြီး သာယာဝပြောမှုကို တိုးမြှင့်ပေးရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကွာဟနေခြင်းကို လျှော့ချသွားရန်၊ အာဆီယံ အသိုက်အဝန်း တည်ထောင်မှုကို အထောက်အကူပြုရန်၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ ၂၀၃၀ ရည်မှန်းချက်များကို တိုးမြှင့်အကောင်အထည်ဖော်သွားရန်နဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး (South-South Cooperation) ကို တိုးမြှင့်သွားရန်တို့ဖြစ် ”**




၂၀၁၈ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဒုတိယအကြိမ် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကျင်းပစဉ်။

၂၀၁၇ ခုနှစ် စက်တင်ဘာလမှာ မဲခေါင်ဒေသဆိုင်ရာ လေ့လာရေးစင်တာ (Global Center for Mekong Studies-GCMS) ကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဖွင့်လှစ်ခဲ့ပါတယ်။ ဒီစင်တာကတော့ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု စတင်တည်ထောင်ခဲ့တဲ့ ဆန်းယကြေညာစာတမ်းအရ မဲခေါင်နိုင်ငံများရဲ့ ပညာရှင်များအကြား ပူးပေါင်းဆောင်ရွက်မှု (Track 2) အဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။ GCMS ရဲ့ ရုံးခွဲဖြစ်တဲ့ Myanmar Center for Mekong Studies (MCMS) ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလမှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (Myanmar Institute of Strategic and International Studies - MISIS) မှာ တရားဝင်ဖွင့်လှစ်ခဲ့ပါသည်။

မဲခေါင်-လန်ချန်းစိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုစင်တာ (Mekong-Lancang Agricultural Cooperation Center) ကို ၂၀၁၉ ခုနှစ်မှာ တရုတ်နိုင်ငံ ပေကျင်းမြို့မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ဒီစင်တာအနေနဲ့ မဲခေါင်-လန်ချန်းနိုင်ငံများအကြား စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဖလှယ်ရေး၊ ပူးတွဲသုတေသနများ ဆောင်ရွက်ရေး၊ စိုက်ပျိုးရေးဆိုင်ရာကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ အစားအစာလုံခြုံရေး (Food safety and security) စတဲ့လုပ်ငန်းများမှာ ပူးပေါင်းညှိနှိုင်းမှုများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ လာအိုနိုင်ငံမှာ ကျင်းပတဲ့ (၅) ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ တရုတ်နိုင်ငံအနေနဲ့ မဲခေါင်နိုင်ငံများမှ စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုဝယ်ယူတင်သွင်းသွားဖို့ ဆောင်ရွက်လျက်ရှိကြောင်း အသိပေးခဲ့ပါသည်။ ဒါဟာ မဲခေါင်-လန်ချန်း လုပ်ငန်းစဉ်ရဲ့ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုကတစ်ဆင့် ရရှိတဲ့ အသီးအပွင့်တစ်ခုဖြစ်ပါတယ်။

မဲခေါင်နိုင်ငံများရှိ လူငယ်များအကြား ထိတွေ့ဆက်ဆံမှု၊ ရင်းနှီးမှုများ ပိုမိုရရှိလာစေရေးအတွက် မဲခေါင်-လန်ချန်း လူငယ်နှီးနှောဖလှယ်ရေးစင်တာ (Mekong-Lancang Youth Exchange Center) ကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့မှာ ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်းက ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ မဲခေါင်လူငယ်များအကြား ထိတွေ့ဆက်ဆံမှု၊ ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် မဲခေါင်-လန်ချန်းတက္ကသိုလ်များ အားကစားပြိုင်ပွဲများ၊ လူငယ်အနုပညာရှင်တွေ့ဆုံပွဲများ၊ လူငယ်တီထွင်ဆန်းသစ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ အစရှိတဲ့ လှုပ်ရှားမှုများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

### မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဟာ အဖွဲ့ဝင်နိုင်ငံများမှအဆိုပြုတဲ့ မဲခေါင်ဒေသခွဲကို အကျိုးရှိစေသော စီမံကိန်းများအား အကောင်အထည်ဖော်ခြင်းကိုအခြေခံတဲ့ ပူးပေါင်းဆောင်ရွက်မှုပုံစံ ဖြစ်ပါတယ်။ ဒီစီမံကိန်းများအတွက် အဓိကရန်ပုံငွေထောက်ပံ့ပေးသူက တရုတ်နိုင်ငံ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ တရုတ်နိုင်ငံအနေနဲ့ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (MLC Special Fund) ကို အမေရိကန်ဒေါ်လာသန်း ၃၀၀ ဖြင့် လည်းကောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် အတိုးနှုန်းသက်သာသောချေးငွေ (Concessional Loan) ကို ယွမ် ၁၀ ဘီလီယံဖြင့် လည်းကောင်း၊ အခြားချေးငွေ (Credit Line)ကိုအမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဖြင့်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (South - South Cooperation Fund) ကို အမေရိကန်ဒေါ်လာသန်း ၂၀၀ ဖြင့်လည်းကောင်း ထူထောင်ထားပြီးဖြစ်ပါတယ်။ ဒီရန်ပုံငွေတွေကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ စီမံကိန်းများနဲ့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို တစ်ဖက်တစ်လမ်းမှ အကျိုးရှိစေသော တရုတ်နိုင်ငံနဲ့ မဲခေါင်နိုင်ငံများရဲ့ နှစ်နိုင်ငံစီမံကိန်းများ(Bilateral projects)အတွက် အသုံးပြုပါတယ်။

အဖွဲ့ဝင်နိုင်ငံများအနေနဲ့ မိမိတို့နိုင်ငံနဲ့ သင့်တော်မယ့် ရန်ပုံငွေအမျိုးအစားကို ရွေးချယ်ပြီး အသုံးပြုကြရာမှာ မြန်မာနိုင်ငံက အမေရိကန် ဒေါ်လာငါးသိန်းထက်မကျော်သော အသေးစားနဲ့ အလတ်စားစီမံကိန်းများအတွက် ရန်ပုံငွေထောက်ပံ့တဲ့ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူး ရန်ပုံငွေသို့ စီမံကိန်းများတင်ပြလျှောက်ထားဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အထူးရန်ပုံငွေ (ပထမအသုတ်) (၂၀၁၇) မှာ စီမံကိန်း ၁၀ ခု၊ အထူးရန်ပုံငွေ (ဒုတိယအသုတ်) (၂၀၁၈) မှာ စီမံကိန်း ၁၉ ခု ရရှိခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၉ ဒသမ၇ သန်းခန့်ကို မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (MLC Special Fund) မှ လက်ခံရရှိခဲ့ကာ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ လာအိုနိုင်ငံမှာ ကျင်းပတဲ့ (၅) ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက အထူးရန်ပုံငွေ (တတိယအသုတ်) (၂၀၂၀) နဲ့ အကောင်အထည်ဖော်မယ့် စီမံကိန်းများကို ကြေညာခဲ့ရာမှာ မြန်မာနိုင်ငံအတွက် စီမံကိန်း ၂၂ ခု (စုစုပေါင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းခန့် ရရှိခဲ့ပါတယ်။ ဒီစီမံကိန်းများအတွက် ရန်ပုံငွေကို တရုတ်နိုင်ငံက မကြာမီ လွှဲပြောင်းပေးသွားမှာ ဖြစ်ပါတယ်။

### ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ

အရှိန်အဟုန်ပြင်းစွာနဲ့စတင်ခဲ့တဲ့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ဟာ ရှေ့ဆက်ဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်ကိုလည်း ချမှတ်ထားခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးမှာ ချမှတ်ခဲ့တဲ့ ငါးနှစ်တာလုပ်ငန်းစီမံချက် (Five-Year Plan of Action 2018-2022) ဟာ အမှန်တကယ်အားဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရဲ့ ရေတိုကာလ ရှေ့လုပ်ငန်းစဉ်များ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစီမံချက်ကို အဖွဲ့ဝင်နိုင်ငံတွေအားလုံးက မိမိတို့သက်ဆိုင်ရာနိုင်ငံများရဲ့လိုအပ်ချက်များ အပေါ်အခြေခံပြီး စုပေါင်းရေးဆွဲခဲ့တာဖြစ်လို့ မဲခေါင်ဒေသတစ်ခုလုံးရဲ့ လိုအပ်ချက်များနဲ့ ကိုက်ညီမှုရှိတဲ့ လုပ်ငန်းစီမံချက်ဆိုတာ သေချာပါတယ်။ ၂၀၂၂ ခုနှစ်ရောက်ရင် နောက်ထပ်လုပ်ငန်းစီမံချက်အသစ်တစ်ခု ရေးဆွဲကြမှာ ဖြစ်ပါတယ်။

### နိဂုံး

မဲခေါင်ဒေသခွဲအတွင်းက နိုင်ငံတွေဟာ မဲခေါင်မြစ်ကိုမှီတည်ပြီး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်တဲ့ မိသားစုဝင်နိုင်ငံများဖြစ်ပါတယ်။ ဒီနိုင်ငံတွေအကြားမှာရှိတဲ့ အပြန်အလှန် လေးစားမှု၊ ယုံကြည်မှု၊ တန်းတူရည်တူရှိမှု၊ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန် နားလည်ပေးနိုင်မှုစတာတွေအပေါ် အခြေခံထားတဲ့ ချစ်ကြည်ရင်းနှီးမှုဟာ များစွာနွေးထွေးမှုရှိပါတယ်။ ဒီလို နွေးထွေးတဲ့ဆက်ဆံရေးကို မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုက ပိုမိုခိုင်မြဲအောင် အထောက်အကူပြုလျက်ရှိနေပါကြောင်း ဖော်ပြအပ်ပါတယ်။ ။




*❄ ရှေ့ဖုံးမှ*

၎င်းတို့၏နေအိမ်များတွင် ၁၄ ရက် သီးသန့်နေထိုင်စောင့်ကြည့်မှု (Home Quarantine) ပြုလုပ်သွားကြရန်ဖြစ်ကြောင်း၊ ၎င်းတို့အားလုံးအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည့် လေယာဉ်များပေါ်သို့ မတက်ရောက်မီ အပူချိန်မြင့်မားခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူမဝသည့် လက္ခဏာများမရှိကြောင်း ဖော်ပြပါရှိသည့် သက်ဆိုင်ရာနိုင်ငံမှ အသိအမှတ်ပြု ကျန်းမာရေးအဖွဲ့အစည်းမှထုတ်ပေးသည့် ဆေးထောက်ခံစာ ပြသရန်လိုအပ်ကြောင်း။

ဆိုက်ရောက်ဗီဇာ (Visa on Arrival) နှင့် အီလက်ထရောနစ်ဗီဇာ (e-visa) ထုတ်ပေးခြင်းများအပေါ် ယာယီရပ်ဆိုင်းမည့် အစီအမံများအဖြစ် မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအားလုံးအတွက် ဆိုက်ရောက်ဗီဇာ (Visa on Arrival) နှင့် အီလက်ထရောနစ်ဗီဇာ (e-visa) ထုတ်ပေးခြင်းများကို ကန့်သတ်ချက်ထုတ်ပြန်သည့်နေ့မှစ၍ ဧပြီ ၃၀ ရက်အထိ ယာယီရပ်ဆိုင်းလိုက်ကြောင်းနှင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးနေသည့် ခရီးသွားကုမ္ပဏီများနှင့် ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြရန် ဖော်ပြထားသည်။

**သတင်းစဉ်**

# ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးက ဘဏ္ဍာရေးကဏ္ဍတစ်ခုလုံးအတွက် အဓိကအရေးကြီးပါတယ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အာရှရန်ကုန်ဘဏ်လီမိတက်အား ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အာရှရန်ကုန်ဘဏ်လီမိတက်အား မတ် ၁၆ ရက်တွင် ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ ဦးဘိုဘိုငယ်တို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ အာရှရန်ကုန်ဘဏ်လီမိတက် ဖျက်သိမ်းခြင်းနဲ့ ပတ်သက်ပြီး ပြည်သူကို ဘယ်လိုအသိပညာပေးသွားမလဲဆိုတာ မျှဝေပေးပါဦး။**

ဦးစိုးမင်း။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့အပြင် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးကိုလည်း ရည်မှန်းချက်ထားပြီး ဆောင်ရွက်ရပါတယ်။ အာရှရန်ကုန်ဘဏ်လီမိတက်နဲ့ပတ်သက်တဲ့ အချက်တွေကိုတော့ ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က ဆက်လက်ဆွေးနွေးမှာ ဖြစ်ပါတယ်။

**မေး။ ။ ဘာကြောင့် အာရှရန်ကုန်ဘဏ်လီမိတက်ကို ဖျက်သိမ်းဖို့ ဆုံးဖြတ်ခဲ့ပါသလဲ။**

ဦးဘိုဘိုငယ်။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၇ ခုနှစ်မှာ ရှယ်ယာ အရောင်းအဝယ်နဲ့ အရှုပ်အရှင်း တိုင်ကြားချက်ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး အကြောင်းကြားစာတွေကို စတင်ရရှိခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ အာရှရန်ကုန်ဘဏ်ဟာ မတည်ငွေရင်းကို ပြည့်ဝစွာ မထည့်သွင်းခဲ့တဲ့ အနေအထားတွေရှိခဲ့ပါတယ်။ ဘဏ်က မတည်ရင်းနှီးငွေပမာဏတိုးမြှင့်ထည့်သွင်းဖို့ အဆိုပြုမှု ၂၀၁၆ ခုနှစ်မှာ တစ်ကြိမ်ရှိခဲ့ပါတယ်။ ဒီငွေဟာ တရားဝင်ရရှိတဲ့ငွေ ဟုတ်/ မဟုတ်၊ အခွန်ထမ်းဆောင်ပြီးတဲ့ငွေ ဟုတ်/ မဟုတ် စုံစမ်းစစ်ဆေးမှုတွေကို သက်ဆိုင်ရာဌာနတွေနဲ့ ဆက်သွယ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုစုံစမ်းစစ်ဆေးတဲ့အခါမှာ ဘဏ်က ထည့်သွင်းဖို့အဆိုပြုတဲ့ငွေဟာ အခွန်ထမ်းဆောင်ပြီးတဲ့ တရားဝင်ရငွေဖြစ်ကြောင်း အထောက်အထားတွေ မရရှိခဲ့ပါဘူး။

အဲဒီအပြင် အခုနှစ်အစပိုင်းမှာ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုပေးပို့တဲ့ သူတို့စစ်ဆေးထားတဲ့ အထောက်အထားတွေထဲမှာ ဘဏ်ရဲ့ရှယ်ယာတွေကို ရှယ်ယာအရောင်းအဝယ်ပြုလုပ်ခဲ့စဉ်က ပေးချေခဲ့တဲ့ ငွေတွေမှာ အခွန်ဆောင်ပြီး တရားဝင် ဝင်ငွေတွေလို့ ယူဆမရကြောင်း အထောက်အထားတွေ ပါဝင်ခဲ့ပါတယ်။

ဒီလိုပေါ်ပေါက်ချက်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ဥပဒေသဘောထားကို မေးမြန်းရယူပြီး နိုင်ငံတော်သမ္မတရုံးရဲ့ လမ်းညွှန်ချက်နဲ့အညီ အဆင့်ဆင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီနှစ်တွေအတွင်းမှာကျင်းပခဲ့တဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွေမှာလည်း စစ်ဆေးတွေ့ရှိချက်တွေကို အကြိမ်ကြိမ်တင်ပြပြီး နောက်ဆုံး မတ် ၁၆ ရက်မှာ ကျင်းပတဲ့ ဒါရိုက်တာအဖွဲ့အစည်းအဝေးမှာ အပြီးသတ်ဆုံးဖြတ်ချက်အရ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ငွေရေးကြေးရေးအဖွဲ့အစည်းတွေ ဥပဒေပုဒ်မ ၁၅ အရ လိုင်စင်ရုပ်သိမ်းဖို့ အခြေအနေတွေ ပေါ်ပေါက်လာရင် ပုဒ်မ ၁၆ အရ ရက်ပေါင်း (၉၀)အတွင်း ဆုံးဖြတ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အခုနှစ် ဖေဖော်ဝါရီလအတွင်းမှာမှ ခိုင်မာတဲ့ အထောက်အထားတွေ ရရှိခဲ့တဲ့အတွက်ကြောင့် အခု မတ်လအတွင်းမှာ ဆုံးဖြတ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

**မေး။ ။ ဘဏ်တွေမှာ မတည်ရင်းနှီးတဲ့ငွေတွေနဲ့ပတ်သက်လို့ ဘယ်လို သတ်မှတ်ချက်တွေ ရှိပါသလဲ။ ဒါတွေဟာ ဘာကြောင့် လိုအပ်တာပါလဲ။**

ဦးဘိုဘိုငယ်။ ။ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ သတ်မှတ်ချက်အရ အနည်းဆုံး မတည်ရင်းနှီး ငွေကျပ်ဘီလီယံ (၂၀) ရှိဖို့ လိုအပ်ပါတယ်။ ဒီငွေတွေဟာ တရားဝင် ဝင်ငွေရပေါက်ရလမ်း (Source of Funds) က ရရှိတဲ့ငွေဖြစ်ကြောင်း ခိုင်မာတဲ့အထောက်အထား ပြနိုင်ဖို့ လိုအပ်ပါတယ်။ နောက်တစ်ချက်က ဒီငွေတွေဟာ အခွန်ထမ်းဆောင်ပြီးတဲ့ ငွေတွေဖြစ်ဖို့ လိုပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဒီနှစ်ချက်ကို အဓိကထားစစ်ဆေးပြီးမှ ရှင်းလင်းတဲ့ငွေတွေကိုသာ မတည်ရင်းနှီးငွေအဖြစ် ထည့်သွင်းခွင့်ပြုတာ ဖြစ်ပါတယ်။ ဒါတွေဟာ ဘာကြောင့် လိုအပ်သလဲဆိုရင် ဘဏ်စနစ်၊ ငွေကြေးစနစ်ဆိုတာဟာ တစ်ဘဏ်နဲ့တစ်ဘဏ် နိုင်ငံတကာနယ်နိမိတ်တွေကို ဖြတ်ကျော်ပေးချေ ဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်ပါ တယ်။ မြန်မာနိုင်ငံဘဏ်စနစ်အနေနဲ့ နိုင်ငံတကာ ဘဏ်စနစ်တွေနည်းတူ တရားမဝင်ငွေတွေ မိမိဘဏ်တွေထဲကို ဝင်မလာအောင် ကာကွယ်တားဆီးဖို့လိုအပ်ပါတယ်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်

အဲဒီလိုမလုပ်နိုင်ခဲ့ဘူးဆိုရင် နိုင်ငံတကာဘဏ်တွေအနေနဲ့ မြန်မာပြည်က ဘဏ်တွေအပေါ် ယုံကြည်မှုလျော့ကျပြီး အဆက်အသွယ်လုပ်ကြဖို့ တွန့်ဆုတ်လာနိုင်ပါတယ်။ အဲဒီအခါ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်တဲ့နေရာ အဟန့်အတားဖြစ်လာနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပို့ကုန်၊ သွင်းကုန် ဝန်ဆောင်ခစတဲ့ ပေးချေမှုတွေမှာ အခက်အခဲတွေ ပိုဖြစ်လာနိုင်ပါတယ်။

ဒီအခါမှာ တိုင်းပြည်တစ်ခုလုံးရဲ့ စီးပွားရေးကိုထိခိုက်ပြီး လူတစ်ဦးချင်းစီရဲ့ ဝင်ငွေနဲ့ နေထိုင်မှုအဆင့်အတန်းကိုပါ ထိခိုက်လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ နိုင်ငံတကာဗဟိုဘဏ်တွေနည်းတူ ငွေအရင်းအမြစ်နဲ့ အခွန်ကင်းရှင်းမှု ရှိ/မရှိ ဆိုတာကို အလေးထားစိစစ်နေရတာ ဖြစ်ပါတယ်။

**မေး။ ။ အခု အာရှရန်ကုန်ဘဏ်လီမိတက်ကို ဘယ်သူက ဘယ်လို စီမံအုပ်ချုပ်နေပါသလဲ။**

ဦးဘိုဘိုငယ်။ ။ အာရှရန်ကုန်ဘဏ်ကို လိုင်စင်ရုပ်သိမ်းပြီးနောက်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ အဓိကဦးစားပေးဆောင်ရွက်တဲ့အချက်ကတော့ ဒီဘဏ်မှာ ငွေအပ်နှံထားသူတွေ ငွေထုတ်ယူလိုပါက ချောချောမွေ့မွေ့ထုတ်ယူနိုင်အောင် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာလည်း ဘဏ်မှာအပ်နှံထားတဲ့ငွေတွေ၊ အဲဒီဘဏ်က အခြားဘဏ်တွေမှာ အပ်နှံထားတဲ့ငွေတွေ၊ အဲဒီဘဏ်ရဲ့ ဘဏ်ခွဲအသီးသီးမှာရှိတဲ့ ငွေတွေကို စနစ်တကျထိန်းသိမ်းဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၉၇၊ ပုဒ်မခွဲ (က)အရ အုပ်ချုပ်သူခန့်ထားပြီး စီမံခန့်ခွဲနေပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနနဲ့ မြန်မာ့စီးပွားရေးဘဏ်က အရာထမ်းတွေနဲ့ ဝန်ထမ်းတွေကလည်း တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ အာရှရန်ကုန်ဘဏ်ရဲ့ ဝန်ထမ်းတွေအားလုံးကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခန့်ထားတဲ့အုပ်ချုပ်သူရဲ့ လက်အောက်မှာ လက်ရှိလစာနဲ့ လစာနှုန်းထားအတိုင်း ဆက်လက်ခန့်ထားဆဲ ဖြစ်ပါတယ်။ ဒီဘဏ်ရဲ့ရပိုင်ခွင့်နဲ့ ပေးဖို့တာဝန်ရှိတာတွေကို စနစ်တကျ စာရင်းရှင်းလင်းဖျက်သိမ်းဖို့ နောက်တစ်ဆင့်မှာ လိုအပ်မှာဖြစ်ပါတယ်။

ဒီအခါမှာ တရားလွှတ်တော်ချုပ်ကို လျှောက်ထားပြီး ပြည့်သူ့စာရင်းကိုင် လက်မှတ်ရ စာရင်းရှင်းလင်းရေးအရာရှိတစ်ဦးကို ခန့်ထားပြီးချိန်အထိ ဗဟိုဘဏ်မှအုပ်ချုပ်သူက တာဝန်ယူအုပ်ချုပ်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ အခု အာရှရန်ကုန်ဘဏ်လီမိတက်ကနေ ငွေထုတ်ယူမှုတွေ များပြားပါသလား။ ထုတ်ပေးမှုနဲ့ ထုတ်ပေးနိုင်ခြင်းမှာ တစ်စုံတစ်ရာ ပြဿနာရှိပါသလား။**

ဦးဘိုဘိုငယ်။ ။ အာရှရန်ကုန်ဘဏ်ရဲ့ ငွေအပ်နှံသူ အရေအတွက်နဲ့ တစ်ဦးချင်း အပ်နှံငွေပမာဏ ကြီးကြီးမားမားမရှိပါဘူး။ ငွေအပ်နှံသူတွေ ငွေထုတ်ယူလိုပါက ထုတ်ပေးနိုင်ဖို့လည်း အာရှရန်ကုန်ဘဏ်လက်ဝယ်ရှိငွေသား၊ အာရှရန်ကုန်ဘဏ်ရဲ့ ဗဟိုဘဏ်မှာထားတဲ့အပ်နှံငွေ၊ အာရှရန်ကုန်ဘဏ်က တခြားဘဏ်တွေထံမှာထားတဲ့ အပ်နှံငွေတွေနဲ့ ထုတ်ပေးနိုင်ဖို့ လုံလောက်မှုရှိရုံမက ပိုလျှံမှုရှိပါတယ်။

ဒီဘဏ်ကို လိုင်စင်ရုပ်သိမ်းရခြင်းဟာ ငွေရေးကြေးရေးအခက်အခဲကြုံတွေ့ရတဲ့ အခြေအနေကြောင့် မဟုတ်ပါဘူး။ အဓိကအားဖြင့် ဒီလိုအခွန်ကင်းရှင်းမှုမရှိတဲ့ ငွေတွေနဲ့ ရင်းနှီးထားခြင်းဟာ မြန်မာပြည်ဘဏ်စနစ်တစ်ခုလုံးရဲ့ ပုံရိပ်၊ တိုင်းသူပြည်သားတွေရဲ့ အကျိုးစီးပွားကို ထိခိုက်လာနိုင်တဲ့အတွက် ဖြစ်ပါတယ်။ လက်ရှိမှာ ငွေထုတ်ယူမှု ပုံမှန်အနေအထားရှိပြီး အနည်းငယ်စီသာ လာရောက်ထုတ်ယူမှုရှိပါတယ်။ လက်ရှိထုတ်ယူသူတွေ ငွေထုတ်ဖို့ အခက်အခဲရှိတယ်ဆိုတဲ့အချက် မတွေ့ရပါဘူး။

**မေး။ ။ အာရှရန်ကုန်ဘဏ်လီမိတက်ရဲ့ နောက်ကြောင်း သမိုင်းအကျဉ်းကို ပြောပြပေးစေလိုပါတယ်။**

ဦးဘိုဘိုငယ်။ ။ အာရှရန်ကုန်ဘဏ်လီမိတက်ကို ၁၉၉၄ ခုနှစ် မတ် ၁၇ ရက်မှာ ဘဏ်လုပ်ငန်း လိုင်စင်ထုတ်ပေးခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်၊ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ လိုင်စင်ထုတ်ပေးခဲ့တာဖြစ်ပါတယ်။ အခု ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်းက ရရှိတဲ့ အထောက်အထားတွေအရ ဘဏ်ကိုစတင်တည်ထောင်ခဲ့ချိန်မှာ မြန်မာနိုင်ငံသားအမည်ခံတွေနဲ့ ထူထောင်ခဲ့တယ်ဆိုတဲ့ အထောက်အထားလည်း တွေ့ရှိရတဲ့အတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအပြင် တခြားတည်ဆဲဥပဒေတွေနဲ့လည်း ငြိစွန်းနေပါတယ်။ ဒါတွေကတော့ ဥပဒေကြောင်းအရ လိုအပ်သလို ဆက်လက်လုပ်ဆောင်နိုင်ဖို့ သက်ဆိုင်ရာဌာနတွေကို ပေးပို့သွားမှာ ဖြစ်ပါတယ်။ ဘဏ်အနေနဲ့ ဘဏ်လုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ရုံးချုပ်နဲ့ ဘဏ်ခွဲ ၁၂ ခုနဲ့သာ လုပ်ငန်းဆောင်ရွက်နေခဲ့ပါတယ်။

**မေး။ ။ အာရှရန်ကုန်ဘဏ်လီမိတက်က အခြားဘဏ်တွေနဲ့ယှဉ်ရင် လုပ်ငန်းအတွက် ပမာဏ ဘယ်လောက်ရှိပါသလဲ။**

ဦးဘိုဘိုငယ်။ ။ မြန်မာနိုင်ငံမှာရှိတဲ့ ဘဏ်တွေထဲမှာ ရဖို့ပိုင်ခွင့်ခေါ်တဲ့ ချေးငွေထုတ်ချေးမှုအနေအထားအရ အနည်းဆုံးဘဏ်တစ်ခု ဖြစ်ပါတယ်။ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နေ့ရှိ စာရင်းတွေအရ ဘဏ်လုပ်ငန်းဆောင်ရွက်နေတဲ့ ပုဂ္ဂလိကဘဏ် ၂၇ ဘဏ်အနက် အာရှရန်ကုန်ဘဏ်လီမိတက်ရဲ့ စုစုပေါင်းရဖို့ပိုင်ခွင့်ဟာ နောက်ဆုံးအဆင့်မှာသာ ရှိပါတယ်။ မြန်မာနိုင်ငံရှိ ဘဏ်တွေထဲမှာလည်း အနည်းဆုံးလိုအပ်တဲ့ မတည်ငွေရင်းသတ်မှတ်ချက်ထက်အောက် ရောက်ရှိနေတဲ့ တစ်ခုတည်းသော ဘဏ်ဖြစ်ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ညွှန်ကြားချက်အမှတ် (၉/၂၀၁၄) အရ ဘဏ်တွေအနေနဲ့ ၃၁-၃-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး ထည့်ဝင်ပြီး မတည်ငွေရင်းပြည့်မီအောင်ထည့်ဝင်ဖို့ အကြောင်းကြားခဲ့ပါတယ်။ ဒါ့အပြင် အာရှရန်ကုန်ဘဏ်ကို ၃၀-၁၂-၂၀၁၄၊ ၃၀-၁၂-၂၀၁၅၊ ၂၉-၂-၂၀၁၆၊ ၅-၈-၂၀၁၆၊ ၃-၁-၂၀၁၇ ရက်စွဲပါစာတွေနဲ့ အကြောင်းကြားခဲ့ပေမယ့်လည်း ပြည့်မီအောင် ထည့်ဝင်မှုမရှိခဲ့ပါဘူး။

**မေး။ ။ အာရှရန်ကုန်ဘဏ်လီမိတက်ကို ဖျက်သိမ်းခဲ့တဲ့အတွက် ဘဏ္ဍာရေးလောကမှာ ရိုက်ခတ်မှုတွေ ရှိခဲ့ပါသလား။ ရှိလာနိုင်ပါသလား။**

ဦးဘိုဘိုငယ်။ ။ အာရှရန်ကုန်ဘဏ်မှာ ငွေအပ်နှံသူနည်းပါးခြင်း၊ ချေးငွေထုတ်ချေးမှုမှာလည်း နည်းပါးပြီး စုစုပေါင်း ရရန်ပိုင်ခွင့်နဲ့ တိုင်းတာရင် ပမာဏသေးငယ်သော ဘဏ် (Small) အမျိုးအစားမှာ ပါဝင်ပြီးတော့ လူသိနည်းတဲ့ ဘဏ်ဖြစ်တဲ့အတွက်ကြောင့်၊ မြန်မာပြည်ဘဏ်လုပ်ငန်းစနစ်အနေနဲ့ အတွေ့အကြုံများလာတဲ့အတွက် ရိုက်ခတ်မှုမရှိသလောက် ဖြစ်တာကို တွေ့ရှိရပါတယ်။

**မေး။ ။ အခု ဘဏ်တွေကို လိုင်စင်ထုတ်ပေးတဲ့အခါမှာ မတည်ငွေရင်း ဇာစ်မြစ်အပြင် အခြားဘယ်လိုအချက်တွေကိုလည်း စစ်ဆေးပါသလဲ။**

ဦးဘိုဘိုငယ်။ ။ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေမှာ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်းနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်အချက်အလက်တွေ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ အဓိက အကျိုးစီးပွားရယူထားသူရဲ့ အရည်အချင်း၊ အတွေ့အကြုံတွေ၊ ငွေရေးကြေးရေး အခြေအနေ၊ ဒါရိုက်တာတွေနဲ့ အမှုဆောင်အရာရှိချုပ်တို့ရဲ့ ငွေရေးကြေးရေး ပြစ်မှုကင်းရှင်းကြောင်း စတဲ့အချက်တွေကို တောင်းခံရယူပြီး စိစစ်ဆောင်ရွက်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ငွေရေးကြေးရေး တည်ငြိမ်မှုအတွက် ဘယ်လိုဆောင်ရွက်နေပါသလဲ။**

ဦးဘိုဘိုငယ်။ ။ ဗဟိုဘဏ်အနေနဲ့ ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေး စနစ်တည်ငြိမ်ရေး၊ ငွေပေးချေမှုနဲ့ စာရင်းရှင်းလင်းမှုစနစ်တွေ ခိုင်မာတိုးတက်ရေး၊ စီးပွားရေးဖွံ့ဖြိုးမှုရရှိစေဖို့ အစိုးရအဖွဲ့ရဲ့ အထွေထွေစီးပွားရေးမူဝါဒတွေကို အထောက်အကူပြုရေး အဓိက ရည်မှန်းချက် (၄)ခု ရှိပါတယ်။ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးက ဘဏ္ဍာရေးကဏ္ဍတစ်ခုလုံး အတွက်

*စာမျက်နှာ ၁၀ သို့*

**အာရှရန်ကုန်ဘဏ်ရဲ့ ငွေအပ်နှံသူအရေအတွက်နဲ့ တစ်ဦးချင်း အပ်နှံငွေပမာဏ ကြီးကြီးမားမား မရှိပါဘူး။ ငွေအပ်နှံသူတွေ ငွေထုတ်ယူလိုပါက ထုတ်ပေးနိုင်ဖို့လည်း အာရှရန်ကုန်ဘဏ် လက်ဝယ်ရှိ ငွေသား၊ အာရှရန်ကုန်ဘဏ်ရဲ့ ဗဟိုဘဏ်မှာထားတဲ့ အပ်နှံငွေ၊ အာရှရန်ကုန်ဘဏ်က တခြားဘဏ်တွေထံမှာထားတဲ့ အပ်နှံငွေတွေနဲ့ ထုတ်ပေး နိုင်ဖို့ လုံလောက်မှုရှိရုံမက ပိုလျှံမှုရှိပါတယ်**

# ပန်းဘဲတန်းမြို့နယ်တွင် လဲကျသွားသည့် နိုင်ငံခြားသားမှာ COVID-19 ရောဂါကြောင့် မဟုတ်ဘဲ အတက်ရောဂါကြောင့်သာဖြစ်ကြောင်း သိရ

**နေပြည်တော် မတ် ၂၁**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ် ၅ ရပ်ကွက် ၂၇ လမ်း (အထက်) Junction City Office Tower အနီးရှိ လူသွားစင်္ကြံတွင် ယနေ့ မွန်းလွဲပိုင်းက နိုင်ငံခြားသားတစ်ဦး ရုတ်တရက် လဲကျသွားခဲ့ခြင်းမှာ အတက်ရောဂါကြောင့်သာ ဖြစ်ကြောင်း ပန်းဘဲတန်းမြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး ဇော်မင်းဦးထံမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ပန်းဘဲတန်းမြို့နယ် Junction City Office Tower အနီး လူသွားလမ်းပေါ်တွင် လမ်းတစ်ဖက်သို့ ဖြတ်ကူးသွားနေသည့် နိုင်ငံခြားသားအမျိုးသားတစ်ဦးသည် ရုတ်တရက်လဲကျသွားခြင်းဖြစ်ကြောင်း သိရသည်။ ထိုသူသည် ဂျပန်နိုင်ငံသား မစ္စတာ တာကာဒါ မာကိုတို ဆိုသူဖြစ်ပြီး လွန်ခဲ့သည့် သုံးပတ်ခန့်က မြန်မာနိုင်ငံသို့ ရောက်ရှိလာသူဖြစ်သည်။ ကျောက်တံတားမြို့နယ် အမှတ် (၈) ရပ်ကွက် အနော်ရထာလမ်းနှင့် ၃၉ လမ်းကြားရှိ Brycen Myanmar Company ၌ အလုပ်လုပ်ကိုင်နေသည့် ဆော့ဖ်ဝဲအင်ဂျင်နီယာတစ်ဦးဖြစ်ကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

"နိုင်ငံခြားသားလဲကျသွားတဲ့ ဗီဒီယိုက ပျံ့နှံ့သွားပြီး ကိုရိုနာဗိုင်းရပ်စ် (COVID-19) ဆိုပြီး စိုးရိမ်ထိတ်လန့်သွားကြတာပေါ့။ အတက်ရောဂါ (Epil-epsy) ပါ။ ဖျားနာတာတို့၊ ချောင်းဆိုးတာတို့လည်း လုံးဝမရှိဘူး။ နောက်ဆက်တွဲဖြစ်စဉ်လည်း မရှိပါဘူး" ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးက ဖြေကြားသည်။

အဆိုပါနိုင်ငံခြားသား အမျိုးသားလဲကျသွားသည်ကို မြင်သဖြင့် Junction City ဝန်ထမ်းများက အပူချိန်တိုင်းကိရိယာဖြင့် တိုင်းတာရာ သာမန်အပူချိန်သာရှိပြီး ၎င်း၏ လုပ်ငန်းရှိရာ Brycen Myanmar Company သို့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် အငှားယာဉ်ဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

"ကိုရိုနာဗိုင်းရပ်စ် COVID-19 က ရုတ်တရက် လဲကျမသွားတတ်ပါဘူး။ ရောဂါဝေဒနာအဆင့်ဆင့်ကို ဖြတ်ကျော်ရတာပါ။ ကောလာဟလတွေ များတဲ့အတွက် အားလုံးက သတိထားပြီးတော့မှ ယုံကြည်သင့်ပါတယ်။ အဲဒီအမျိုးသားလဲကျသွားတဲ့ ဗီဒီယိုဖိုင်က အွန်လိုင်းမှာ နေ့ခင်းပိုင်းကတည်းက တက်လာခဲ့တာပါ။ ဖြန့်ဝေတဲ့သူအနေနဲ့လည်း အခုလို ပြည်သူတွေ စိတ်ပူနေတဲ့အချိန်မှာ ထင်ယောင်ထင်မှားဖြစ်အောင် မလုပ်သင့်ပါဘူး"ဟု အထွေထွေရောဂါကုဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာကျော်စွာဦးက သုံးသပ်ပြောကြားသည်။ ယင်းဖြစ်စဉ်ကို လူမှုကွန်ရက်စာမျက်နှာများတွင် မြင်တွေ့ရပြီး ပြည်သူများ စိုးရိမ်ပူပန်ခဲ့ကြသော်လည်း သက်ဆိုင်ရာ သတင်းဌာနများ၊ ကျန်းမာရေးမှ တာဝန်ရှိသူများက အချိန်မီပြန်လည် ဖြေရှင်းဖော်ပြထားသည်ကိုလည်း မြင်တွေ့ရသည်။

**သွန်းဝသန်**

*စာမျက်နှာ ၉ မှ*

အဓိကအရေးကြီးပါတယ်။ ဒီလိုတည်ငြိမ်စေဖို့အတွက် ထုတ်ပြန်ထားတဲ့ ဥပဒေ၊ ညွှန်ကြားချက်တွေနဲ့အညီ ဘဏ်တွေအနေနဲ့ စနစ်တကျလုပ်ငန်းဆောင်ရွက်နေမှု ရှိ/မရှိ ကြီးကြပ်စစ်ဆေးခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်း၊ Regulator တွေအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ဦးစီးဌာနတွေနဲ့ အချင်းချင်းပူးပေါင်းဖလှယ်ပြီး ပံ့ပိုးကူညီပြီး ထိန်းကျောင်းလျက်ရှိပါတယ်။

ဘဏ်တွေအနေနဲ့လည်း ဗဟိုဘဏ်ကချမှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေဟာ နိုင်ငံတကာစံနှုန်းနဲ့အညီ ချိန်ထိုးပြီး ချမှတ်ထားတာဖြစ်တဲ့အတွက် အခြေခံလိုက်နာရမယ့် အချက်တွေကို နားလည်သဘောပေါက်ပြီး လိုက်နာဖို့လိုအပ်ပါတယ်။

ဗဟိုဘဏ်အနေနဲ့ကလည်း အမျိုးသားအကျိုးစီးပွားကို ထိခိုက်နိုင်သည့် အချက်တွေတွေ့ရှိရင် ခေါ်ယူတွေ့ဆုံဆွေးနွေးခြင်း၊ ပြင်ဆင်ရမယ့်အချိန် (Timeline) ပေးပြီး ဆောင်ရွက်စေခြင်းတို့ကို ပြုလုပ်လျက်ရှိပါတယ်။

အခုအချိန်မှာ နိုင်ငံခြားဘဏ်တွေခွင့်ပြုပြီး ဘဏ်လုပ်ငန်းစနစ်ကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဘဏ်တွေအနေနဲ့ စည်းမျဉ်း၊ စည်းကမ်းတွေ စနစ်တကျလိုက်နာစေပြီး ဘဏ်ရှယ်ယာရှင်တွေ၊ စီမံခန့်ခွဲသူတွေအနေနဲ့လည်း ကိုယ့်ဘဏ်ပုံရိပ်ကိုထိခိုက်စေမယ့် လုပ်ငန်းတွေ မလုပ်မိစေဖို့နဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ထိန်းကျောင်းနေမှုကို ပိုမိုသိရှိနားလည်ပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။

**မေး။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘဏ်တွေ ခိုင်မာတောင့်တင်းစေအောင် ဘယ်လိုနည်းစနစ်တွေနဲ့ ထိန်းကျောင်းကြီးကြပ်နေပါသလဲ။**

ဦးဘိုဘိုငယ်။ ။ ဘဏ်တွေကို ကြီးကြပ်စစ်ဆေးတဲ့အခါ အရင်က ဥပဒေ၊ အမိန့်၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်တွေလိုက်နာမှု ရှိ/မရှိ (Compliance-based) ကိုအခြေခံပြီး စစ်ဆေးခဲ့ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘဏ်လုပ်ငန်းကဏ္ဍမှာ နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးတဲ့ နည်းလမ်းတွေကိုလည်း ဘဏ်တွေမှာရှိတဲ့ ဆုံးရှုံးနိုင်ခြေ (Risk) အပေါ် အလေးပေးပြီး ပြောင်းလဲကြီးကြပ်စစ်ဆေးလျက်ရှိပါတယ်။

စစ်ဆေးတွေ့ရှိချက်တွေနဲ့ပတ်သက်ပြီး ဘဏ်ရဲ့ အဆင့်မြင့်စီမံခန့်ခွဲသူတွေနဲ့ တွေ့ဆုံပြီး လိုက်နာဆောင်ရွက်ဖို့လိုအပ်တဲ့ အချက်တွေကို ဆွေးနွေးဆောင်ရွက်စေပါတယ်။ အထူးသဖြင့် ဘဏ်ရဲ့ အစုရှယ်ယာရှင်တွေက မတည်ငွေရင်း တိုးမြှင့်တဲ့အခါ၊ ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာတဲ့အခါ၊ အစုရှယ်ယာတွေ လွှဲပြောင်းတဲ့အခါတွေမှာ ငွေကြေးရင်းမြစ် (Source of Funds) ကို ငွေကြေးခဝါချမှု ကင်းရှင်းခြင်း ရှိ/မရှိနဲ့ အခွန်ကင်းရှင်းကြောင်း ရှိ/မရှိ အဓိကထားစစ်ဆေးလျက်ရှိပါတယ်။

**မေး။ ။ ဒီအကြောင်းအရာတွေက အာရှရန်ကုန်ဘဏ်လီမိတက် ဖျက်သိမ်းဖို့ ဆုံးဖြတ်ခဲ့တဲ့ အကြောင်းအရာတွေ ဖြစ်ပြီးတော့ နောက်ထပ် ပြည်သူနဲ့ ဘဏ်လုပ်ငန်းရှင်တွေကို အသိပေးချင်တာရှိရင်လည်း မျှဝေပေးပါဦး။**

ဦးစိုးမင်း။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးကို ထိန်းကျောင်းဖို့ တာဝန်ရှိတာနဲ့အညီ ဘဏ်တွေအနေနဲ့လည်း ထုတ်ပြန်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကို လိုက်နာဖို့ လိုအပ်တဲ့အတွက် စည်းကမ်းလိုက်နာမှုမရှိတဲ့ ဘဏ်ကို အရေးယူဆောင်ရွက်ခြင်းအားဖြင့် ဘဏ်လုပ်ငန်းစနစ်ကို ထိခိုက်မှုမရှိဘူးလို့ ပြောကြားလိုပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**ကေတာ၊ ဓာတ်ပုံ-အေးသန်း**

*○ ကျောဖုံးမှ*

ရန်ကုန်မြို့သို့ ပြောင်းလဲပြီး ကွင်းပိတ်ကစားရမည်ဖြစ်သောကြောင့် အိမ်ကွင်းအားသာချက်ရရှိနိုင်မည်မဟုတ်ဘဲ နိုင်ပွဲရရန် အားကုန်ထုတ်ကစားရမည်ဖြစ်သည်။

ဇယားထိပ်ဆုံးမှ ဟံသာဝတီအသင်းသည် ဇယားအောက်ပိုင်းမှ ဖွဲ့ကပင်အသင်းနှင့် ကစားရမည်ဖြစ်ပြီး ရှေ့ဝတီအသင်း၏ တစ်မှတ်အကွာဖြင့် လိုက်လံဖိအားပေးနေသောကြောင့် မဖြစ်မနေနိုင်ပွဲရရန် ကြိုးပမ်းရမည်ဖြစ်သည်။ ရှေ့ဝတီအသင်းမှာမူ အဆင့် ၅ နေရာမှ ရခိုင်အသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး ဟံသာဝတီအသင်းကို ဆက်လက်ဖိအားပေးနိုင်ရန် အမှားလုပ်၍ မရသည့် အနေအထားဖြစ်နေသည်။ တတိယနေရာမှ ရန်ကုန်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့မှာမူ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် မကွေး၊ Southern အသင်းတို့နှင့် ကစားရမည်ဖြစ်ပြီး အမှတ်လိုနေသည့် အသင်းများ၏ ရန်းကန်မှုများကိုလည်း ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ပွဲစဉ် (၉) အပြီးတွင် ဟံသာဝတီအသင်းက ၂၄ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရှေ့ဝတီအသင်းက ၂၃ မှတ်၊ ရန်ကုန်အသင်းက ရမှတ် ၂၀၊ လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းက ၁၇ မှတ်၊ ရခိုင်အသင်းက ၁၅ မှတ်၊ စစ်ကိုင်းအသင်းက ၁၃ မှတ်၊ ရတနာပုံအသင်းက ၁၀ မှတ်၊ မကွေးနှင့် အား/ကာ သိပ္ပံအသင်းက ခုနစ်မှတ်စီ၊ ဖွဲ့ကပင်အသင်းက ခြောက်မှတ်၊ Southern နှင့် ချင်းယူနိုက်တက်အသင်းက လေးမှတ်စီရရှိထားသည်။ **ညီမြတ်သော်တာ**

*❋ ကျောဖုံးမှ*

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှ သိရသည်။ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းလုပ်ရန် စာရင်းပေးသွင်းထားသည့် အရိုးအထူးကုဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာမျိုးဇော်ဝင်းက "အဓိက က ကိုယ့်နိုင်ငံမှာ မဖြစ်အောင် ပူးပေါင်းပါဝင်တာပါ။ နိုင်ငံမှာဖြစ်ရင် ကျန်းမာရေးလုပ်သားတွေက ရှေ့ဆုံးက ပါဝင်ရမှာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း COVID-19 ရောဂါ နဲ့ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေအတိုင်း လိုက်နာစေချင်ပါတယ်။ မသေချာတဲ့ သတင်းတွေကို နားမထောင်ဖို့ အရေးကြီးပါတယ်" ဟု ပြောသည်။ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသင်းခွဲရုံးများ ဖွင့်လှစ်ထားပြီး အသင်းဝင်ဦးရေ နှစ်သောင်းခန့်ရှိကြောင်း သိရသည်။

**မင်းသစ်(MNA)**

## ခင်ဦး-မန္တလေး RBE ရထား အချိန်ပြောင်းလဲပြေးဆွဲ

**ခင်ဦး မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ဘူတာမှ မန္တလေးသို့ ပြေးဆွဲနေသော RBE ရထားကို မတ် ၂၁ ရက်မှ စတင်ပြီး အချိန်ပြင်ဆင်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ပုံမှန် နံနက် ၄ နာရီ ၁၅ မိနစ် ပြေးဆွဲနေသော ခင်ဦး-မန္တလေး RBE ရထားကို နံနက် ၄ နာရီ ၄၅ မိနစ်သို့ အချိန်ပြောင်းလဲ ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ အမှတ် (၄၅)အဆန်၊ (၄၆) အစုန် ကောလင်းလော်ကယ်ရထားကိုလည်း မတ် ၂၁ ရက်တွင် ဖျက်သိမ်းပြီး ၎င်းအစား အမှတ် (၄၇) အဆန်၊ (၄၈) အစုန် မန္တလေး-နဘား လော်ကယ်ရထားကို အစားထိုးပြေးဆွဲသွားမည်ဖြစ်ကြောင်း ခင်ဦးဘူတာ ရုံပိုင်(တာဝန်ခံ) ဦးစောသိန်းဝင်းထံမှ သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

# ကရင်ပြည်နယ်အတွင်း COVID-19 ရောဂါနှင့် ပတ်သက်ပြီး ကျန်းမာရေးအသိပညာပေး ဗီနိုင်းများ စိုက်ထူ

**ဘားအံ မတ် ၂၁**

COVID-19 ရောဂါ ကာကွယ်တားဆီးရေးနှင့် ပတ်သက်ပြီး ကရင်ပြည်နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအားလုံးတွင် ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး ဦးဆောင်ကာ COVID-19 ရောဂါအကြောင်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်စေရေးအတွက် ကျန်းမာရေးအသိပညာပေး ဗီနိုင်းများ စိုက်ထူခြင်းကို မတ် ၂၀ ရက် က စတင်ဆောင်ရွက်ခဲ့ကြောင်း ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **(ယာပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် လူအသွားအလာများသော နေရာများနှင့် ကျေးရွာများတွင် ပြည်သူသာလျှင် အဓိကခေါင်းစဉ်ပေးထားသော COVID-19 ရောဂါအကြောင်း၊ မည်သို့ကာကွယ်ရမည်၊ သတိပြုရမည့် ကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများပါရှိသော အသိပညာပေး ဗီနိုင်း ၇၀၀ ကျော်ကို ဖြန့်ဝေ စိုက်ထူခဲ့သည်။

ထို့ပြင် ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့်လည်း ကရင်ပြည်နယ်အတွင်း COVID-19 ရောဂါနှင့် ပတ်သက်ပြီး စောင့်ကြည့်လူနာနှင့် သံသယလူနာတွေ့ရှိပါက ထားရှိနိုင်ရန်နှင့် ကုသပေးနိုင်ရန် ဆေးရုံကြီးများနှင့် မြို့နယ်ဆေးရုံများတွင် ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီး ဒေါက်တာကျော်စွာမြင့် က " မတော်တဆ သံသယလူနာ ဒါမှမဟုတ် စောင့်ကြည့်လူနာများရှိရင် မြို့နယ်ဆေးရုံတွေရော ဆေးရုံကြီးတွေမှာပါ ထားဖို့နေရာတွေ စီစဉ်ထားပြီး ကုသမှုအတွက်လည်း ပြင်ဆင်ထားပါတယ်" ဟု ပြောသည်။



ကရင်ပြည်နယ်တွင် သင်္ကြန်ပွဲတော် နီးကပ်လာသည်နှင့်အမျှ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းလုပ်သားများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာမှု တစ်နေ့ထက်တစ်နေ့ များပြားလာသဖြင့် ယခင်ကထက် COVID-19 ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြောင်း ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"COVID-19 ရောဂါနဲ့ ပတ်သက်ပြီး ပညာပေးလုပ်ငန်းတွေကို အချက်သုံးချက်နဲ့ ဆောင်ရွက်နေပါတယ်။ ကရင်ပြည်နယ်မှာ အဓိက ဝင်ပေါက်နှစ်ခုရှိတယ်။ အဓိကဝင်ပေါက်က မြဝတီဖြစ်ပါတယ်။ နောက်ပြီး လူလာစုမယ့်နေရာက ဘားအံဖြစ်ပါတယ်။ အဲဒီနှစ်နေရာမှာ ကျန်းမာရေးလုပ်ငန်းတွေ၊ ပညာပေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နေပါတယ်။ ဝင်လာတဲ့သူတွေအားလုံးကို မြဝတီဂိတ်ကနေ အပူချိန်ရှိ၊ မရှိ အဖျားတိုင်းတာပေးတာတွေ လုပ်နေတယ်။ နောက်တစ်နေရာက ကြာအင်းဆိပ်ကြီးဘုရားသုံးဆူမှာ ဝင်ပေါက်ဂိတ် တစ်ခုရှိတယ်။ အဲဒီမှာတော့ အုပ်ချုပ်ရေးစီမံမှုနဲ့ လုပ်နေပါတယ်။ ဆေးရုံတွေပြင်ဆင်ထားတယ်။ အဓိက မြဝတီဂိတ်ပါ။ သင်္ကြန်ကာလ နီးလာတော့ တစ်ရက်ကို ပြန်လာတဲ့သူ ရှစ်ထောင်နဲ့ တစ်သောင်းကြားရှိတယ်။ တံတား(၁)က ပိတ်တော့ တံတား(၂)ကနေ ဝင်နေတယ်။ ဝင်လာတဲ့သူတွေကိုလည်း ပြည်နယ်အစိုးရနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်မှုကိုခံယူပြီး ညွှန်ကြားချက်အတိုင်း ဆောင်ရွက်နေပါတယ်။ သူတို့ရောက်တဲ့ နေရာတွေမှာ သတင်းပို့တယ်။ စာရင်းကောက်တယ်။ အဖျားတိုင်းတာ တွေလုပ်တယ်။ အဓိက ပြည်သူတွေ ပူးပေါင်းပါဝင်ဖို့လိုတယ်။ ဒါမှအောင်မြင်မှာဖြစ်ပါတယ်" ဟု ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီး ဒေါက်တာ ကျော်စွာမြင့် က ပြောသည်။

ထပ်မံ၍ ၎င်းက " ဒီလိုအခြေအနေမှာ အကောင်းဆုံးကတော့ မြန်မာပြည်ထဲမှာတောင် ကိုယ်ရောက်နေတဲ့ နေရာကနေ ဘယ်မှမသွားသင့်ဘူး။ နိုင်ငံရပ်ခြားဆို ပိုတောင်အရေးကြီးတယ်။ ကိုယ်ရောက်နေတဲ့နေရာမှာ နေတာ အကောင်းဆုံးပါ။ တကယ်လို့ ပြန်ရောက်နေတယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ။ ဖျားတယ်ဆိုရင်လည်း သက်ဆိုင်ရာကို သတင်းပို့ပါ။ မိမိကိုယ်တိုင်က စပြီး ကာကွယ်ပါ။ လျှောက်လည်တာတွေ မလုပ်ပါနဲ့။ လူစုလူဝေးနဲ့ နည်းနိုင်သမျှနည်းအောင် နှစ်ပတ်လောက်နေပေးမယ်ဆိုရင် ဆင်ခြင်ရာရောက်ပါတယ်" ဟု ပြောသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# COVID-19ရောဂါထိန်းချုပ်ကာကွယ်ဖို့ စောစော "ပြော"၊ စောစော "သိ"၊ အားလုံးအကျိုးရှိ



# ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

*ယမန်နေ့မှအဆက်*

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ

- မြေပုံမြို့ တောင်ပေါ် IDP စခန်းပိတ်သိမ်းပြီး ပြန်လည်နေရာချထားပေးနိုင်ရေးအတွက် တည်ဆောက်ခဲ့သော အိမ်အလုံး (၄၀၀)မှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပြီး၊ အိမ်ရာ (၂၄၂)လုံးကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောက်လုပ်ပေးလျက်ရှိရာ လုပ်ငန်းအားလုံး၏ (၃၀%) ပြီးစီးပြီဖြစ်ပါသည်။
- ပြန်လည်နေရာချထားသည့် မြေပုံမြို့၊ တောင်ပေါ် IDP တန်ဖိုးနည်းအိမ်ရာများတွင် မိုးရာသီကာလအတွင်း အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် (၈ ပေ)အကျယ် မြေသားလမ်း (၇၇၂၂)ပေ ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါသည်။
- ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာကို (၁၉–၁၁–၂၀၁၉)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး မဟာဗျူဟာမိတ်ဆက်ရှင်းလင်းခြင်းကို (၂–၁၂–၂၀၁၉)ရက်နေ့တွင် စစ်တွေမြို့၌ ပြုလုပ်ခဲ့ပါသည်။

## လူသားချင်းစာနာထောက်ထားသည့်အကူအညီများပေးနိုင်မှု



အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ခြင်း



- အစီရင်ခံသည့်ကာလအတွင်း ရခိုင်ပြည်နယ်ရှိ အသက်(၈၅)နှစ်နှင့်အထက် ဘိုး/ဘွား (၁၀၄၄)ဦး အတွက် (၁)လလျှင် ကျပ်(၁၀,၀၀၀)နှုန်းဖြင့် လူမှုရေးပင်စင်ထောက်ပံ့ငွေ ကျပ် (၃၁၃.၂၃၀)သန်း ထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။
- (၁–၉–၂၀၁၉)ရက်နေ့မှ(၃၁–၁၂–၂၀၁၉)ရက်နေ့အထိအိမ်ထောင်စု(၈၁၃)စု၊လူဦးရေ(၃၀၆၃)ဦး အတွက် လစဉ်စားနပ်ရိက္ခာထောက်ပံ့မှုစုစုပေါင်း (၁၄,၅၇၃,၉၀၀)ကျပ်နှင့် လေ့စီးဒုက္ခသည် (၂၀၀)ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း(၅)မျိုး (ကျားလုံချည်၊ မလုံချည်၊ တီရှပ်၊ စောင် ဆပ်ပြာ) စားနပ်ရိက္ခာ(ဆန်၊ ဆီ၊ ဆား၊ ပဲ)(၁)လစာ၊ Kitchen Set (၅၈)စုံနှင့် စားစရိတ်ငွေ (၆၀၀,၀၀၀)ကျပ်တို့အား ထောက်ပံ့ပေးခဲ့ပါသည်။

### ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme–WFP) မှ ထောက်ပံ့မှု–

| စဉ် | လအမည်/မြို့နယ် | အကြောင်းအရာ | စားနပ်ရိက္ခာ | လူဦးရေ | တန်ဖိုး |
|---|---|---|---|---|---|
| ၁ | စက်တင်ဘာလ၊ မြို့နယ်(၁၀)မြို့နယ် | – (၅)နှစ်အောက်ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအတွက် စားနပ်ရိက္ခာ အာဟာရ ထောက်ပံ့မှု | ၃၄၇၅.၇၁၀ မက်/တန် | – | ၆၆၂.၇၄၅ သန်း |
| ၂ | အောက်တိုဘာလ –ရခိုင်ပြည်နယ်၊ မြောက်ပိုင်း | – အရေးပေါ်စားနပ်ရိက္ခာထောက်ပံ့မှု | – | ၂၀၀၀ | – |
| | –(ဘူးသီးတောင်၊ မောင်တော) | – မွတ်စလင်၊ ဗုဒ္ဓဘာသာဝင်နှင့် ဟိန္ဒူကျေးရွာ(၁၇၆)ရွာတို့မှ နေရပ်စွန့်ခွာသူများအား စားနပ်ရိက္ခာထောက်ပံ့မှု | – | ၉၇၄၀၀ | – |

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ

| စဉ် | လအမည်/မြို့နယ် | အကြောင်းအရာ | စားနပ်ရိက္ခာ | လူဦးရေ | တန်ဖိုး |
|---|---|---|---|---|---|
| | –(ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ ပေါက်တော၊ စစ်တွေ) | – တိုက်ပွဲရှောင်သူများအား စားနပ်ရိက္ခာ ထောက်ပံ့မှု | – | ၃၅၀၀ | – |
| ၃ | နိုဝင်ဘာလ –ရခိုင်ပြည်နယ်၊ မြောက်ပိုင်း | – အရေးပေါ်စားနပ်ရိက္ခာထောက်ပံ့မှု | – | ၈၃၀ | – |
| | –(ဘူးသီးတောင်၊ မောင်တော) | – မွတ်စလင်၊ ဗုဒ္ဓဘာသာဝင်နှင့် ဟိန္ဒူကျေးရွာ(၁၈၇)ရွာတို့မှ နေရပ်စွန့်ခွာသူများအား စားနပ်ရိက္ခာထောက်ပံ့မှု | – | ၁၀၇၆၀၀ | – |
| | –(ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ ပေါက်တော၊ စစ်တွေ) | – တိုက်ပွဲရှောင်သူများအား စားနပ်ရိက္ခာ ထောက်ပံ့မှု | – | ၄၅၀၀ | – |

## သတင်းယူခွင့်

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်းသည့် သတင်းဖော်ပြမှု–

| ဆောင်ရွက်မှု | ကြိမ်ရေ | ဆောင်ရွက်မှု | ကြိမ်ရေ |
|---|---|---|---|
| မြန်မာ့ရုပ်မြင်သံကြားမှ သတင်းထုတ်လွှင့်မှု | ၇၃ | သတင်းထုတ်ပြန်ချက် | ၁ |
| ရေဒီယိုအစီအစဉ်မှ သတင်းထုတ်လွှင့်မှု | ၁၅၄၈ | အစီရင်ခံစာ | ၂ |
| အသိပညာပေးထုတ်လွှင့်မှု | ၂၈၀ | Website တွင် ဓာတ်ပုံဖော်ပြမှု | ၁၀၁ |
| Public Service Announcement | ၃၀၄ | နေ့စဉ်ထုတ်သတင်းစာများတွင် ညှိနှိုင်းအစည်းအဝေးဖော်ပြမှုသတင်း | ၁၀၆ |
| ဗီဒီယို | ၄ | ညှိနှိုင်းအစည်းအဝေးဖော်ပြမှုသတင်းဓာတ်ပုံ | ၁၁၇ |
| မိန့်ခွန်း | ၂ | သတင်းထုတ်ပြန်မှု | ၂၆၂ |
| ကြေညာချက် | ၄ | သတင်းထုတ်ပြန်မှုဓာတ်ပုံ | ၂၃၉ |

- ယခုအစီရင်ခံသည့်ကာလအတွင်း လိုက်ပါသတင်းရယူမည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့များမရှိ၍ ရခိုင်ပြည်နယ်သို့ သွားရောက်သတင်းရယူမှု ခရီးစဉ် ဆောင်ရွက်ပေးရခြင်းမရှိပါ။

## ပညာရေး

ရခိုင်ပြည်နယ်တွင်ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းများအပါအဝင် စာသင်ကျောင်းများကို အောက်ပါအတိုင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်–

| စဉ် | စာသင်ကျောင်းများ | အရေအတွက် |
|---|---|---|
| ၁ | အခြေခံပညာအထက်တန်းအဆင့်သင် | ၃၉၈ ကျောင်း |
| ၂ | အလယ်တန်းအဆင့်သင် | ၁၂၃၀ ကျောင်း |
| ၃ | မူလတန်းဆင့်သင် | ၁၆၅၇ ကျောင်း |

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ

### Learning Together Programme ဖြင့် လုပ်ငန်းဆောင်ရွက်မှုအနေဖြင့်–

| မြို့နယ် | ဆောင်ရွက်မှုလုပ်ငန်း |
|---|---|
| ရသေ့တောင်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ အမ်း၊ သံတွဲနှင့် တောင်ကုတ်မြို့နယ် | – ရွှေ့လျားစာကြည့်တိုက်များဖြင့် စာအုပ်များပံ့ပိုးပေးခြင်း၊<br>–အားကစားပစ္စည်းများ ထောက်ပံ့ပေးခြင်းနှင့် အားကစားကွင်းများတည်ဆောက်ပေးခြင်း၊ ရေနှင့်မိလ္လာစနစ်နှင့် (WASH) လုပ်ငန်းများအတွက် ထောက်ပံ့ပေးခြင်း၊<br>–ကျောင်းပြင်ပရောက် ကလေးငယ်များ ကျောင်းပြန်လည်ဝင်ရောက်လာအောင် ထောက်ပံ့ကူညီပေးခြင်း၊<br>– လူ့အဖွဲ့အစည်းများအကြားအတူယှဉ်တွဲနေထိုင်တတ် စေရန် ရည်ရွယ်၍ အခြေခံပညာကျောင်း (၁၆၃)ကျောင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း |

- IDP စခန်းများမှ Volunteer ဆရာ၊ ဆရာမ (၄၉၇)ဦးအား လစာငွေထုတ်ပေးလျက်ရှိရာ ယခုအစီရင်ခံသည့်ကာလတွင် ဆရာ၊ ဆရာမ (၉၇)ဦးအား ထပ်မံ၍ လစာငွေထုတ်ပေးလျက်ရှိသဖြင့် Volunteer ဆရာ၊ ဆရာမ စုစုပေါင်း (၅၉၄)ဦးအား လစာငွေများ ပံ့ပိုးပေးလျက်ရှိပါသည်။
- ဒိန်းမတ်လူမှုရေးအဖွဲ့အစည်း(DRC)သည် စီမံချက်မြို့နယ်(၅)မြို့နယ်တွင် သင်တန်းအမျိုးအစား (၂၄)မျိုးနှင့် အကူအညီပေးရေးလုပ်ငန်းများကို မြန်မာဝန်ထမ်းများအပြင် နိုင်ငံခြားသားဝန်ထမ်းများပါ စစ်တွေနှင့်ပေါက်တောမြို့နယ်များသို့ ခရီးသွားလာ၍ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းသုံးစွဲငွေမှာ အမေရိကန်ဒေါ်လာ(၆၂၅,၅၁၇)ဖြစ်ပါသည်။
- ရခိုင်ပြည်နယ်မှ ကျောင်းသား/သူများကို ပညာသင်ထောက်ပံ့ကြေး ဆုချီးမြှင့်ရေးအစီအစဉ်နှင့် စပ်လျဉ်း၍နော်ဝေနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့မှ ပညာသင်ဆု(၁၀၀)ဆုနှင့် ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (Center for Diversity and National Harmony– CDNH)မှ ၎င်းတို့ရရှိမည့် overhead cost ဖြင့် ထပ်မံ၍(၆)ဆု စုစုပေါင်း (၁၀၆)ဆုတို့အတွက် ပညာသင်ထောက်ပံ့ကြေးအနေဖြင့် လစဉ်အမေရိကန်ဒေါ်လာ(၂၀၀) (မြန်မာငွေကျပ် ၃၀၀,၀၀ဝ/–)ကို ပေးအပ်မည်ဖြစ်ပါသည်။

### တက္ကသိုလ်/ကောလိပ်များ တည်ဆောက်ပြုပြင်မှု

| စဉ် | ဆောက်လုပ်ပြီးစီးမှုလုပ်ငန်း | ရာခိုင်နှုန်း |
|---|---|---|
| ၁ | စစ်တွေတက္ကသိုလ် သုံးထပ်စာသင်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း | ၉၀% |
| ၂ | စစ်တွေတက္ကသိုလ် မီတာ(၄၀၀)ပြေးလမ်းနှင့် ရေနုတ်မြောင်းပါ ဘောလုံးကွင်း ဆောက်လုပ်ခြင်းလုပ်ငန်း | ၁၀၀% |
| ၃ | နည်းပညာတက္ကသိုလ်(စစ်တွေ)တွင် သုံးထပ် စာသင်ဆောင်ဆောက်လုပ်မှုလုပ်ငန်း | ၁၀၀% |
| ၄ | တောင်ကုတ်ဒီဂရီကောလိပ်တွင် သုံးထပ်စာသင်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း၊ | ၁၀၀% |
| ၅ | တောင်ကုတ်ဒီဂရီကောလိပ် (၄)ခန်းတွဲ (၄)ထပ်ဆရာ၊ ဆရာမနေအိမ် ဆောက်လုပ်ခြင်းလုပ်ငန်း၊ | ၁၀၀% |
| ၆ | တောင်ကုတ်ဒီဂရီကောလိပ် (၇)ခန်းတွဲ စားသောက်ဆိုင် ဆောက်လုပ်ခြင်းလုပ်ငန်း | ၁၀၀% |

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ

## ကျန်းမာရေး

### ကျန်းမာရေးဝန်ထမ်းများခန့်အပ်ထားရှိမှု



- ရခိုင်ပြည်နယ်တွင် ကျေးလက်ကျန်းမာရေးဌာန (၁၂၉)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၅၈၂)ခု၊ နယ်စပ်ဆေးပေးခန်း(၁)ခုရှိပြီး ကျေးရွာအုပ်စုများ၌ သားဖွားဆရာမ (၈၃၁)ဦး ခန့်အပ်ထားရှိပါသည်။
- အထူးကုဆရာဝန် (၁၃)ဦးနှင့် လက်ထောက်ဆရာဝန် (၁၀)ဦးတို့အား ရခိုင်ပြည်နယ်သို့ ပြောင်းရွှေ့တာဝန်ချထားခဲ့ပါသည်။
- သစ်လွင်သူနာပြု(၄၂) ဦးခန့်ထားပေးခဲ့ပြီး အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ အထက်တန်းသူနာပြု(၇)ဦးနှင့် ရခိုင်ပြည်နယ်အတွင်းမှ အထက်တန်းသူနာပြု (၈)ဦး၊ စုစုပေါင်းအထက်တန်းသူနာပြု (၁၅)ဦးအား သူနာပြုဆရာမကြီးအဖြစ် ရာထူးတိုးမြှင့်ခန့်ထား၍ ရခိုင်ပြည်နယ်တွင် တာဝန်ပေးခဲ့ပါသည်။

### မွေးကင်းစကလေးများ မှတ်ပုံတင်ရေးအတွက် အထောက်အကူပြုနိုင်ရေးဆောင်ရွက်မှု

ရခိုင်ပြည်နယ်အတွင်း အထူးအစီအစဉ်အနေဖြင့် အဖွဲ့ဝင်(၅)ဦးပါဝင်သည့် မွေးစာရင်း ထုတ်ပေးရေးဗဟိုကွင်းဆင်းအဖွဲ့မှ မွေးစာရင်းမရှိသေးသော သတ်မှတ်ချက်နှင့်ကိုက်ညီသည့် အသက်(၁၀)နှစ်အောက်ကလေးများအား မွေးစာရင်းထုတ်ပေးခြင်းလုပ်ငန်းကို (၉–၁၂–၂၀၁၉)ရက်နေ့မှစတင်၍ စစ်တွေမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ရာ(၃၁–၁၂–၂၀၁၉)နေ့အထိ ကလေး(၂၅၄၉)ဦးအား မွေးစာရင်းထုတ်ပေးပြီး ဖြစ်ပါသည်–

| စဉ် | လူမျိုး | မွေးစာရင်းထုတ်ပေးသည့် အရေအတွက် | | |
|---|---|---|---|---|
| | | ကျား | မ | စုစုပေါင်း |
| ၁ | မွတ်စလင် | ၁၂၇၇ | ၁၁၆၆ | ၂၄၄၃ |
| ၂ | ကမန် | ၃၆ | ၄၄ | ၈၀ |
| ၃ | အခြား | ၁၁ | ၁၅ | ၂၆ |
| | စုစုပေါင်း | | | ၂၅၄၉ |

### ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုအခြေအနေ(ဆေးကုသပေးမှု)



ရွှေ့လျားဆေးအဖွဲ့များ ဆေးခန်းဖွင့်လှစ်ကုသပေးခြင်း



*(ဆက်လက်ဖော်ပြပါမည်)*

## နယူးယောက်ရှိ ကိုရိုနာဗိုင်းရပ်စ်လူနာများအတွက် အခန်း ၁၀၀၀၀ ကျော် ပြင်ဆင်ထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနပြော

**ဝါရှင်တန် မတ် ၂၁**

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက အမေရိကန်ပြည်ထောင်စုတွင် ကိုရိုနာဗိုင်းရပ်စ် အဖြစ်အများဆုံး နယူးယောက်ရှိ ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာများအတွက် အခန်းပေါင်း ၁၀၀၀၀ အထက်စီစဉ်ထားကြောင်း ပြောကြားလိုက်သည်။

နည်းပညာတပ်ဖွဲ့တပ်မှူး တော့ဒ် ဆီမိုနိုက်က မိမိ၏တပ်ဖွဲ့ဝင်များသည် ဟိုတယ်အခန်းများနှင့် ကောလိပ်အိပ်ဆောင်များကို ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံနေရသော လူနာများအတွက် ပြန်လည်ပြင်ဆင်မှုများပြုလုပ်ထားကြောင်း ပြောကြားလိုက်သည်။

တင်းကျပ်သည့် သီးသန့်ခွဲခြားစောင့်ကြည့်မှုများအတွက် အင်ဂျင်နီယာတပ်ဖွဲ့ဝင်များသည် အခန်းများအတွင်းရှိ လေထုဖိအားကို ပြင်ပထက် လျော့နည်းအောင်စီမံဆောင်ရွက်ထားကြောင်း၊ သို့မှသာ လေများ ဘေးပတ်ဝန်းကျင်များသို့ စိမ့်ဝင်သွားခြင်း မရှိမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာနက ဆေးရုံသင်္ဘောကို နယူးယောက်သို့ စေလွှတ်ရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်းနှင့် ခုတင်မလုံလောက်ဖြစ်နိုင်မှုကို ကြိုတင်ကာကွယ်သည့် အနေဖြင့် ထိုသို့လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

ကူးစက်မြန် ကိုဗစ်-၁၉ ကပ်ရောဂါအလျင်အမြန်ပျံ့နှံ့နေသောကြောင့် အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်များကို ဆေးဘက်ဆိုင်ရာစနစ်များ ကောင်းမွန်ရန် လိုအပ်သည်များ ထောက်ပံ့သွားနိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း အင်ဂျင်နီယာတပ်ဖွဲ့က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## မြောက်ကိုရီးယားက တာတိုပစ်ဒုံးကျည်နှစ်စင်း ပစ်ခတ်စမ်းသပ်မှုကို တောင်ကိုရီးယားက ပြစ်တင်ရှုတ်ချ



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း ဒုံးကျည်စမ်းသပ်ပစ်လွှတ် နေသည်ကို ကြည့်ရှုနေစဉ်။

**ဆိုးလ် မတ် ၂၁**

မြောက်ကိုရီးယားနိုင်ငံသည် တာတိုပစ်ဒုံးကျည်နှစ်စင်းကို အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်သို့ ပစ်ခတ်စမ်းသပ်ခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၂၁ ရက်က ထုတ်ပြန်ဖော်ပြလိုက်သည်။ ကမ္ဘာတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ်နှင့် ရင်ဆိုင်နေရချိန်တွင် မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်စမ်းသပ်မှုကို ကောက်ကာငင်ကာ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

တောင်ကိုရီးယားစစ်ဘက်က အချိန်အခါမသင့်ဘဲ မြောက်ကိုရီးယားနိုင်ငံ၏ ယခုလို ဒုံးကျည်စမ်းသပ်မှုအပေါ် ပြစ်တင်ရှုတ်ချလိုက်သည်။ မြောက်ကိုရီးယားနိုင်ငံ၏ ယခုလို လုပ်ဆောင်ချက်အပေါ် ချက်ချင်းရပ်တန့်ရန် တောင်ကိုရီးယားစစ်ဘက်က တိုက်တွန်းပြောကြားလိုက်သည်။

မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်စမ်းသပ်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနကလည်း အတည်ပြုလိုက်သည်။ မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ စစ်ဘက်ဆိုင်ရာ ဖွံ့ဖြိုးမှုများသည် အမေရိကန်၏ ရန်လိုမှုကို ရင်ဆိုင်ရန်အတွက် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းခြင်းသာဖြစ်ကြောင်း ပြောကြားလိုက်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များကြောင့် နိုင်ငံတကာအရေးယူ ဒဏ်ခတ်ပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် အမေရိကန်စီးပွားရေးကျဆင်းမှုကို ဖြေရှင်းရန် အရေးပေါ်ရန်ပုံငွေ ချပေးရေးညှိနှိုင်းမှု သဘောတူညီမှု မရသေး

**ဝါရှင်တန် မတ် ၂၁**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် အမေရိကန်နိုင်ငံ၏စီးပွားရေးကျဆင်းနေမှုကိုဖြေရှင်းရန် အရေးပေါ်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ထရီလီယံချပေးရေး အမေရိကန်ဥပဒေပြုသူများကြား ညှိနှိုင်းနေမှုသည် သောကြာနေ့အကုန် သဘောတူညီမှုရရေး ရီပတ်ဘလစ်ကန်အမတ်များ၏ အဆိုပြုနောက်ဆုံး သတ်မှတ်ရက်နှင့် ထပ်ထူမကျခဲ့ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် မတ် ၂၁ ရက်က ဖော်ပြခဲ့သည်။

ရီပတ်ဘလစ်ကန် အမတ်များသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးကျဆင်းနေမှုကို ကူညီရန် အမေရိကန်မိသားစုများနှင့် စက်မှုလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာအမြောက်အမြားခွဲဝေချထားရေးအတွက် တနင်္လာနေ့နောက်ဆုံး မဲပေးမှုပြုလုပ်ရာတွင် အလျင်အမြန်သဘောတူညီမှုရရန် ကြိုးစားလျက်ရှိသည်။

သို့သော်လည်း ဒီမိုကရက်အမတ်များက အလုပ်သမားများကာကွယ်ရန်နှင့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးပျက်စီးခဲ့ရသည့် မိသားစုဝင်များကိုသာ ရင်းနှီးငွေများ စိုစိုပြေပြေ ပေးရေးကိုသာ တိုက်တိုက်တွန်းတွန်း ဆောင်ရွက်နေကြောင်း သိရသည်။

ဒီမိုကရက်တစ်ပါတီ ထိပ်တန်းတာဝန်ရှိသူတစ်ဦးဖြစ်သူ ချက်စကူမာက ရီပတ်ဘလစ်ကန်တို့၏ အစီအစဉ်သည် ကြောက်မက်ဖွယ် အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့် သန်းပေါင်းများစွာသော အမေရိကန်များအတွက် လုံလောက်မှု မရှိကြောင်း ပြောကြားခဲ့သည်။



အထက်လွှတ်တော်အမတ်အများစု၏ခေါင်းဆောင် မစ်ချ်မက်ကွန်းနေးကို တွေ့ရစဉ်။

အထက်လွှတ်တော် အမတ်အများစု၏ခေါင်းဆောင် မစ်ချ်မက်ကွန်းနေးက သဘောတူညီမှုအား နောက်ဆုံး သတ်မှတ်ရက်ကို သောကြာနေ့သတ်မှတ်ခဲ့တာတောင်မှ နှစ်ဖက်ညှိနှိုင်းမှုများသည် ကြန့်ကြာလျက်ရှိကြောင်း သိရသည်။

အထက်လွှတ်တော် အမတ်များက အဆိုပါအရေးနှင့် ပတ်သက်ပြီး ယခုရက်သတ္တပတ်တစ်ခုလုံး လုပ်ဆောင်သွားရတော့မည်ဖြစ်ကြောင်း၊ အကယ်၍ သဘောတူညီမှုသည် စနေနေ့မှာ မပြီးပြတ်ဘူးဆိုပါက တနင်္ဂနွေနေ့အထိ ဆက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**အေအက်ဖ်ပီ**

## တူရကီနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးမှုများ လုပ်ဆောင်

**အစ္စတန်ဘူလ် မတ် ၂၁**

တူရကီနိုင်ငံတွင် မကြာသေးမီရက်များအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေမြင့်တက်လာသည့်အတွက် ကိုဗစ် - ၁၉ စစ်ဆေးမှုများအရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူဦးရေပေါင်း ၁၀၀၀၀ကို ကိုရိုနာဗိုင်းရပ်စ်စမ်းသပ်မှုများပြုလုပ်ပေးခဲ့သည်ဟု ကျန်းမာရေးဝန်ကြီး ဖာရီတင်ကိုကာက မတ် ၁၉ ရက်တွင် ပြောကြားခဲ့သည်။ လာမည့်ရက်များအတွင်း လူဦးရေတိုးကာစစ်ဆေးမှုများ ဆောင်ရွက်ပေးသွားနိုင်ရန် မျှော်လင့်ထားကြောင်းလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

တူရကီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၇၀ ရှိပြီး ကိုးဦးသေဆုံးသွားပြီဖြစ်သည်။

**ဆင်ဟွာ**

## တစ်နိုင်ငံလုံး ပိတ်ဆို့ထားရန် လတ်တလောတွင် စဉ်းစားထားခြင်းမရှိဟု အမေရိကန်သမ္မတ ထရမ့်ပြော

**ဝါရှင်တန် မတ် ၂၁**

အမေရိကန်နိုင်ငံသားများအားလုံး နေအိမ်၌သာနေကြရန် တစ်နိုင်ငံလုံးပိတ်ဆို့သွားမည့် အစီအစဉ် လတ်တလောတွင် စဉ်းစားထားခြင်း မရှိသေးဟု အမေရိကန်သမ္မတ ထရမ့်က မတ် ၂၀ တွင် ပြောကြားသည်။

အိမ်ဖြူတော်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် သမ္မတထရမ့်က ယခုလိုပြောကြားခဲ့ခြင်း ဖြစ်သည်။

အမေရိကန်၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက်မှာ မတ်လ ၂၀ ရက်အတွင်း ၂၀၀၀၀ နီးပါးရှိပြီး ၂၇၅ ဦး သေဆုံးခဲ့ရသည်ဟု ဂျွန်ဟော့ကင်း တက္ကသိုလ်သိပ္ပံနှင့် အင်ဂျင်နီယာဌာနက ပြောကြားခဲ့သည်။

လတ်တလောတွင် ကယ်လီဖိုးနီးယားနှင့် နယူးယောက်တို့တွင် အခြေအနေ ဆိုးရွားလျက်ရှိသည်။

**ဆင်ဟွာ**

## ကမ္ဘာတစ်ဝန်းရှိ လူဦးရေ တစ်ဘီလီယံနီးပါးကို နေအိမ်၌သာနေရန် ကန့်သတ်ခံထားရ

**ဂျီနီဗာ မတ် ၂၁**

ဥရောပနှင့် အမေရိကန်တို့တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု မြင့်တက်နေချိန်၌ ကမ္ဘာတစ်ဝန်းရှိ လူဦးရေတစ်ဘီလီယံနီးပါးမှာ နေအိမ်အတွင်း၌သာနေရန် ကန့်သတ်ခံထားရသည်။


ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုမှာ ရပ်တန့်မသွားဘဲ ကမ္ဘာအနှံ့ကူးစက်မှုမြင့်တက်နေသည့်အတွက် လူများနေထိုင်သွားလာမှုများကန့်သတ်ထားကာ ကျောင်းများလည်း ပိတ်ထားရသည်။

ထို့ပြင် သန်းနှင့်ချီသော အလုပ်သမားများနေအိမ်များမှသာ အလုပ်တက်ကြရန် ဖိအားပေးလုပ်ဆောင်ထားရသည်။ ဗိုင်းရပ်စ်ကြောင့် သေဆုံးရသူဦးရေမှာပြီးခဲ့သည့် သီတင်းပတ်အတွင်း လူဦးရေ ၁၁၀၀၀ ရှိခဲ့ပြီး အီတလီတစ်နိုင်ငံတည်းမှာပင် သေဆုံးသူ လူဦးရေ မှာ ၄၀၀၀ အထိရှိသည်။

ခန့်မှန်းခြေအားဖြင့် နိုင်ငံပေါင်း ၃၅ နိုင်ငံမှ လူဦးရေသန်း ၉၀၀ မှာ နေအိမ်အတွင်း၌ပင်နေရန် ကန့်သတ်ခံထားရသည်။ အသက်အရွယ်ကြီးရင့်သူများ၊ ကျန်းမာရေးမကောင်းသူများမှာ ဗိုင်းရပ်စ်ကြောင့် ထိခိုက်မှုအများဆုံးပင် ဖြစ်သည်။

သို့သော်လည်းလူငယ်များအတွက်လည်း စိုးရိမ်စရာကောင်းကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောကြားထားသည်။ မတ် ၂၁ ရက်တွင် တရုတ်နိုင်ငံအတွင်း နောက်ထပ်ကူးစက်ခံရသူမရှိကြောင်း သတင်းပို့ခဲ့သည်။

**အေအက်ဖ်ပီ**



နေအိမ်၌သာနေရန် ကန့်သတ်ခံထားရ၍ လူသူကင်းမဲ့နေသည့်နေရာ တစ်နေရာကို တွေ့ရစဉ်။

# ကိုရိုနာဗိုင်းရပ်စ်နှိမ်နင်းရေးအတွက် အမေရိကန်က အင်တိုက်အားတိုက်လုပ်ဆောင်

**ဝါရှင်တန် မတ် ၂၁**
ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု ပြန့်ပွားနေခြင်းကို ထိန်းချုပ်ဟန့်တားနိုင်ရေး အမေရိကန် အာဏာပိုင်များသည် အင်တိုက်အားတိုက်လုပ်ဆောင်လျက်ရှိသည်။

ယခုအခါ နယူးယောက် အုပ်ချုပ်ရေးမှူးသည် ပြည်သူများ၏လှုပ်ရှားမှုများကို ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။ မတ် ၂၀ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် နယူးယောက်အုပ်ချုပ်ရေးမှူး အန်ဒရူးကိုမိုက ပြည်သူများ၏ လှုပ်ရှားမှုအပေါ် ကန့်သတ်ချက်များကြေညာခဲ့သည်။ အပြင်သို့ အရေးတကြီး ထွက်စရာမလိုသည့် လုပ်ငန်းများမှ ဝန်ထမ်းများသည် နေအိမ်၌သာ အလုပ်လုပ်ကြရန် ကြေညာခဲ့သည်။

ယင်းကြေညာချက်တွင် ရဲများ၊ ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများ မပါဝင်ပေ။ အကယ်၍ ကူးစက်ခံရမှု ဆက်လက်မြင့်တက်နေပါက လာမည့် ၄၅ ရက်တာ အတွင်း နယူးယောက်ရှိဆေးရုံများသည် လူနာခုတင်လိုအပ်မှု နှစ်ဆဖြစ်လာလိမ့်မည်ဟုလည်း နယူးယောက်အုပ်ချုပ်ရေးမှူးက သတိပေးခဲ့သည်။

နောက်ထပ် လူနာခုတင်များ အမေရိကန်တပ်ဖွဲ့မှ ရောက်ရှိလာနိုင်ပြီး နယူးယောက်မြို့ ဆိပ်ကမ်းသို့ ဆေးရုံသင်္ဘောတစ်စင်း စေလွှတ်ရန်လည်း ပြင်ဆင်နေသည်။ အမေရိကန် အင်ဂျင်နီယာတပ်ကလည်း ကောလိပ်ရှိအိပ်ဆောင်များ၊ ဟိုတယ်အခန်းများကို ဆေးကုသရေးဆောင်များအဖြစ် ပြောင်းလဲသွားရန် စဉ်းစားနေသည်။

ထိုအချိန်တွင် ကနေဒါနှင့် မက္ကဆီကို နယ်စပ်များသို့ မလိုအပ်ဘဲ ခရီးမသွားကြရန် အမေရိကန်အစိုးရက အမိန့်ထုတ်ထားသည်။ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ဝါရှင်တန်ပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံသူကို စတင်တွေ့ရှိခဲ့သည်။ မတ် ၂၀ ရက်အထိ အမေရိကန်နိုင်ငံတစ်ဝန်း ကူးစက်ခံရသူ စုစုပေါင်းမှာ ၁၅၂၁၉ ဦးအထိ ရှိလာပြီဖြစ်သည်။ အဆိုးရွားဆုံး ကူးစက်ခံထားရပြီး နယူးယောက်ပြည်နယ်အရှေ့ပိုင်းတွင် လွန်ခဲ့သည့် သီတင်းသုံးပတ်အတွင်း ကူးစက်ခံရသူ၇၁၀၂ဦးအထိ မြင့်တက်လာခဲ့သည်။ **အင်န်အိတ်ချ်ကေ**



ဆန်ဖရန်စစ္စကို ဒေသတစ်ဝိုက်တွင် နေအိမ်များ၌သာ နေကြရန်တိုက်တွန်းထားသည်ကို တွေ့ရစဉ်။

## အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်၏ ဝန်ထမ်းတစ်ဦးတွင် ကိုရိုနာဗိုင်းရပ်စ် တွေ့ရှိ

**ဝါရှင်တန် မတ် ၂၁**
အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်၏ရုံးမှ ဝန်ထမ်းတစ်ဦးတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်။

မိုက်ပန့်စ်၏ ပြောရေးဆိုခွင့်ရှိသူက မတ် ၂၀ ရက်တွင် တရားဝင် ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသည့် ဝန်ထမ်းသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒုတိယသမ္မတမိုက်ပန့်စ်တို့နှင့် ထိတွေ့ဆက်ဆံမှု မရှိကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဒုတိယသမ္မတသည် ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ရေးအတွက် အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# အဲကနေဒါလေကြောင်းလိုင်းမှ အမှုထမ်း ၅၀၀၀ ကျော်ကို အလုပ်မှရပ်နားသွားမည်ဟုဆို

**အော့တဝါ မတ် ၂၁**
ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်နေသောကြောင့် အဲကနေဒါလေကြောင်းလိုင်းသည် လေယာဉ်အမှုထမ်း ၅၀၀၀ ကျော်ကို အလုပ်မှ ယာယီ ရပ်နားသွားမည်ဟု မတ် ၂၀ ရက်က ပြောကြားခဲ့သည်။

ကနေဒါ လေကြောင်းလိုင်းမှ ဝန်ထမ်းပေါင်း ၃၆၀၀ နှင့် အဲကနေဒါရို့ဂ်မှ ဝန်ထမ်းပေါင်း ၁၅၄၉ ဦးတို့ အလုပ်မှ ယာယီရပ်စဲခံရလိမ့်မည်ဟု လေကြောင်း အမှုထမ်းအလုပ်သမားသမဂ္ဂက ပြောသည်။

လေယာဉ်အမှုထမ်းများအတွက် မကြုံစဖူး ကြီးမားသည့် စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရသည်ဟု သမဂ္ဂဥက္ကဋ္ဌ ဝီစလေလီဆိုစကီးက ပြောသည်။ အလုပ်သမားများအလုပ်ယာယီရပ်စဲရန်အတွက် ဆွေးနွေးမှုများစတင်နေပြီဟုလည်းအဲကနေဒါလေကြောင်းလိုင်းမှ အတည်ပြုခဲ့သည်။ သို့သော် ဝန်ထမ်း ဘယ်လောက်များများကို အလုပ်မှ ရပ်စဲသွားမည်ကိုမူ အရေအတွက် အတည်အကျ မဖော်ပြခဲ့ပေ။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှု ထိန်းချုပ်နိုင်ပြီး လေကြောင်းလိုင်းဝန်ဆောင်မှုများ ပြန်လည်စတင်နိုင်ပါက အဆိုပါဝန်ထမ်းများကို ပြန်လည်ခေါ်ယူသွားမည်ဟု လေကြောင်းလိုင်းက ပြောသည်။

မတ် ၃၁ ရက်တွင် ပြည်တွင်းခရီးစဉ်များနှင့် အမေရိကန်ခရီးစဉ်များကို ဖြည်းဖြည်းချင်း လျှော့ချသွားရန် စီစဉ်ထားကြောင်း လေကြောင်းလိုင်းမှ ပြောကြားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုကိုထိန်းချုပ်နိုင်ရေး ကနေဒါနိုင်ငံသည်အမေရိကန်နှင့် နယ်စပ်ကို ခေတ္တပိတ်ထားသည်။ အဲကနေဒါလေကြောင်းလိုင်းသည် ပြည်တွင်းခရီးစဉ်များကို ပြေးဆွဲနေသော်လည်း တဖြည်းဖြည်းချင်း လျှော့ချလျက်ရှိသည်။

လောင်ဗျူး လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသည်လည်း ထုတ်လုပ်မှုလုပ်ငန်းများကို ရပ်ဆိုင်းထားရာ အလုပ်သမား ၉၈၀ ခန့် ထိခိုက်မှုရှိလာမည်ဖြစ်သည်။

**အေအက်ဖ်ပီ**



အဲကနေဒါလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

## အိုလံပစ်အားကစားပြိုင်ပွဲရွှေ့ဆိုင်းပေးရန် အမေရိကန် ရေကူးအဖွဲ့ချုပ်က တောင်းဆို

**ဝါရှင်တန် မတ် ၂၁**
တစ်ကမ္ဘာလုံးအနှံ့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုပျံ့နှံ့နေချိန်တွင် အိုလံပစ်အားကစားပြိုင်ပွဲကို တစ်နှစ်ခန့် ရွှေ့ဆိုင်းပေးရန် အမေရိကန်ရေကူးအဖွဲ့ချုပ်က တောင်းဆိုခဲ့သည်။

**ဖိအားအောက်ရောက်နေ**

အမေရိကန် အိုလံပစ်နှင့် မသန်စွမ်းအားကစား ကော်မတီသို့ မတ် ၂၀ ရက်က စာရေးသားပေးပို့ခဲ့ခြင်း ဖြစ်သည်။ အိုလံပစ်ပြိုင်ပွဲ ရွှေ့ဆိုင်းရန် ကော်မတီ၏ထောက်ခံချက်ကို တောင်းခံခဲ့ခြင်းဖြစ်သည်။ အမေရိကန် အားကစားသမားများမှာ ဖိအားအောက်တွင် ရောက်နေပြီး အားကစားသမားများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ကျန်းမာရေးမှာ ပထမဦးစားပေးပင်ဖြစ်သည်ဟု မေတ္တာရပ်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။

**ရေကူးအဖွဲ့ချုပ်က တိုက်တွန်း**

ရက်ရွှေ့ဆိုင်းလိုက်ခြင်းဖြင့် ၂၀၂၁ ခုနှစ်တွင် အိုလံပစ်အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ပြီး အားကစားသမားများအတွက် လုံခြုံစိတ်ချရမှု ရရှိစေမည်ဟု ရေကူးအဖွဲ့ချုပ်က တိုက်တွန်းထားသည်။

အမေရိကန် အိုလံပစ်နှင့် မသန်စွမ်းအားကစားကော်မတီကမူ ဆုံးဖြတ်ချက်ချရန် စောလွန်းသေးသည်ဟု တုံ့ပြန်ခဲ့သည်။ နော်ဝေနိုင်ငံ၏ အိုလံပစ်နှင့် မသန်စွမ်းကော်မတီကမူ ကိုရိုနာဗိုင်းရပ်စ်ကို မထိန်းချုပ်နိုင်သေးမီ တိုကျိုအားကစားပြိုင်ပွဲကိုကျင်းပရန် မသင့်သေးကြောင်း အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီဥက္ကဋ္ဌထံ မတ် ၂၀ ရက်က တောင်းဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အသံထက်မြန်သည့် နျူကလီးယားသယ်ဆောင်နိုင်သည့် ဒုံးကျည်ကို အမေရိကန်အောင်မြင်စွာ စမ်းသပ်

**ဝါရှင်တန် မတ် ၂၁**
အသံထက်မြန်သည့်ဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုက မတ် ၂၀ ရက်က ကြေညာခဲ့သည်။

အဆိုပါ ဒုံးကျည်သည် နျူကလီးယားသယ်ဆောင်နိုင်စွမ်းရှိသည့်အတွက် ကမ္ဘာ့အင်အားကြီး နိုင်ငံများအကြား အပြိုင်အဆိုင် အဆင့်မြင့်လက်နက်တပ်ဆင်ခြင်းကို ပိုမိုအရှိန်မြှင့်ပေးလိုက်သလိုဖြစ်ခဲ့ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် မကြာသေးမီက ကြေညာလိုက်သည်။

ပင်တဂွန်က အဆိုပါစမ်းသပ်လိုက်သည့် ဒုံးကျည်သည် သတ်မှတ်ထားသည့် ပစ်မှတ်သို့ အသံထက်မြန်သည့်နှုန်းဖြင့် သွားခဲ့ကြောင်းနှင့် အသံထက်ငါးဆ ပိုမြန်ကြောင်း ပြောကြားခဲ့သည်။

ယနေ့မိမိတို့သည် မိမိတို့၏ ဆန်းသစ်သည့်ပုံစံကို ပြသနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် နောက်တစ်ဆင့်တက်ပြီး အသံထက်မြန်သည့်တိုက်ခိုက်မှုများဆီသို့ ဦးတည်သွားရောက်နေပြီဖြစ်ကြောင်း ဒုတိယရေတပ်ဗိုလ်ချုပ်ကြီး ဂျွန်နီ ဝူဖီက ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြလိုက်သည်။

အသံထက်မြန်သည့် နျူကလီးယားတပ်လက်နက်များသည် နျူကလီးယားစစ်ပွဲများကို ဖြစ်ပွားစေနိုင်သလို ပိုမိုကြောက်စရာကောင်းပြီး တိုက်ခိုက်မှုအဆင့်လည်း မြင့်လာသည်ဟု ဆိုသည်။

၎င်းတို့သည် လက်ရှိနျူကလီးယားသယ်ဆောင်နိုင်သည့် ဒုံးကျည်များထက် ပိုမိုမြန်ဆန်ထိရောက်တိကျကြောင်း၊ ၎င်းတို့ကို ကြားဖြတ်ဟန့်တားခြင်းနှင့် ခြေရာခံခြင်းတို့ကိုလုပ်နိုင်ရန် အတော်ခက်ခဲလှကြောင်းလည်း သိရသည်။

သမားရိုးကျလက်နက်များသည်ပင်လျှင် ပဋိပက္ခကို ပိုမိုဖြစ်ပွားလာစေနိုင်ကြောင်း သိထားနှင့်ပြီးဖြစ်ရာ ယခု အသံထက်မြန်သော လက်နက်များကို ပစ်လွှတ်လိုက်လျှင်ကား မည်သို့ မည်ပုံဖြစ်လာနိုင်ဖွယ်ရှိသည်မှာ ပြောဖွယ်ရာမရှိတော့ချေ။

ဆိုးရွားလှသည့် အကျိုးဆက်ကို မည်သူမျှ ခန့်မှန်းနိုင်မည်မဟုတ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**


ပင်တဂွန် စစ်ဌာနချုပ်ကို တွေ့ရစဉ်။

# ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်ကနေ လူငယ်တွေ လွတ်မြောက်နိုင်သလား

ကလျာမိုးမြင့်

ယခုရက်ပိုင်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လူငယ်တွေကို ထူးထူးခြားခြားသတိပေးချက်တစ်ခု လုပ်ဆောင်လာပါတယ်။ အဲဒါကတော့ လူငယ်တွေအနေနဲ့ ငယ်ရွယ်တဲ့သူတွေဆီမှာ ကိုရိုနာဗိုင်းရပ်စ်မကျရောက်နိုင်ဘူးဆိုပြီး မိမိကိုယ်ကို ကျေနပ်အားရမနေကြဖို့နဲ့ ကိုရိုနာဗိုင်းရပ်စ်ကို အထင်မသေးကြဖို့ပါပဲ။

### ရောနှောဆက်ဆံခြင်းကို ရှောင်ကြဉ်

လူငယ်တွေဖြစ်နေပေမယ့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအန္တရာယ် မကျရောက်နိုင်ဘူးလို့ ပြောလို့မရနိုင်တာကြောင့် ပိုပြီးရောဂါကူးစက်ဖို့ လွယ်တဲ့သက်ကြီးပုဂ္ဂိုလ်တွေနဲ့ လူမှုရေးအရ ရောနှောဆက်ဆံတာကို ရှောင်ကြဉ်သင့်တယ်လို့ အကြံပြုထားပါတယ်။ လူငယ်တွေ လုပ်ဆောင်လိုက်တဲ့ ရွေးချယ်မှုက နောက်ထပ်တစ်စုံတစ်ယောက်အတွက် ရှင်သန်ခြင်းနဲ့ သေဆုံးခြင်းကြားက ကွာခြားချက်တစ်ခုဖြစ်သွားနိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ တက်ဒရိုစ် အက်ဒဟာနွမ် ဂီဘရီရက်ဆပ်က ပြောကြားခဲ့တာပါ။

### ကျန်းမာရေးသတိပေးချက်တွေကို အလေးမထား

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ဖြစ်ပွားရတဲ့ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါကြောင့် ကမ္ဘာတစ်ဝန်းမှာ လူနာပေါင်း ၁၁၀၀၀ ကျော်အထိ အသက်ဆုံးရှုံးခဲ့ရပါပြီ။ ဗိုင်းရပ်စ်ကူးစက်ခံထားရတဲ့ လူနာအရေအတွက်ဟာဆိုရင်လည်း ၂၅၀၀၀၀ အထိ ရှိနေပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲရဲ့ မှတ်ချက်အရ ကိုရိုနာဗိုင်းရပ်စ်ဟာ အသက်ကြီးတဲ့သူတွေကြားမှာသာ ပိုပြီးကူးစက်ဖြစ်ပွားနိုင်ခြေ ပိုများတယ်ဆိုတဲ့အချက်ကြောင့် လူငယ်တွေဟာ မိမိကိုယ်မိမိ ရောဂါမကျရောက်နိုင်ဘူးအထင်နဲ့ ကျန်းမာရေးသတိပေးချက်တွေကို သိပ်ပြီးဂရုမစိုက်ကြတဲ့ အနေအထားမျိုးဖြစ်နေတယ်လို့ သတင်းတွေ ကြားသိနေရတယ်လို့ ဆိုပါတယ်။

### ရောဂါဗဟိုချက်မ အီတလီဖြစ်လာ

ကိုရိုနာဗိုင်းရပ်စ်ဟာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလမှ တရုတ်နိုင်ငံအတွင်းမှာ စတင်ပေါက်ဖွား ပျံ့နှံ့ခဲ့တာပါ။ အခုအခါမှာတော့ ရောဂါပျံ့နှံ့တဲ့ဗဟိုချက်မဟာ တရုတ်နိုင်ငံမဟုတ်တော့ဘဲ ဥရောပဖြစ်သွားပါပြီ။ အများဆုံးကူးစက်ခံနေရတဲ့နိုင်ငံကတော့ အီတလီနိုင်ငံပါပဲ။ နိုင်ငံတွင်းမှာ ဗိုင်းရပ်စ်ကြောင့် သေဆုံးရတဲ့အရေအတွက်ဟာ တခြားနိုင်ငံတွေထက် ပိုများနေပြီး မတ် ၂၀ ရက်မှာ သေဆုံးသူ ၆၂၇ ဦးအထိ တိုးပွားလာခဲ့ပါတယ်။ ရောဂါကူးစက်ခံရသူအရေအတွက်ဟာ ၄၀၃၂ ဦးဖြစ်ပြီး ရောဂါစတင်ကူးစက်ခဲ့တဲ့နေ့ရက်ကစပြီး နိုင်ငံအတွင်းမှာ လူအသေအပျောက်အများဆုံးနေ့တစ်နေ့အဖြစ်နဲ့ စံချိန်တင်ခဲ့ပါတယ်။

### ပေါ့ပေါ့ဆဆမနေသင့်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်ရုံးစိုက်ရာ ဂျီနီဗာကနေ အွန်လိုင်းသတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ချိန် မိန့်ခွန်းပြောကြားခဲ့ရာမှာ မစ္စတာတက်ဒရိုစ်က လူကြီးတွေမှာ ထိခိုက်မှုအများဆုံးဆိုတာ မှန်ပေမယ့် လူငယ်တွေမှာလည်း မဖြစ်နိုင်ဘူးလို့ ပြောလို့မရဘူးလို့ သတိပေးခဲ့ပါတယ်။

"ကျွန်တော့်အနေနဲ့ လူငယ်တွေကို တစ်ခုအသိပေးချင်တာရှိတယ်။ အဲဒါကတော့ သင်ဟာလူငယ်တစ်ယောက်ဖြစ်နေပေမယ့် ဗိုင်းရပ်စ်ကို ကျော်လွှားနိုင်ပြီလို့ ကိုယ့်ကိုယ်ကို ကျေနပ်နေလို့မရဘူး။ ဗိုင်းရပ်စ်က သင့်ကို ရက်သတ္တပတ်များစွာကြာတဲ့အထိ ဆေးရုံကို အရောက်ပို့လိုက်နိုင်သလို အသက်ဆုံးရှုံးတဲ့အထိလည်း ဖြစ်ရင်ဖြစ်သွားနိုင်တယ်။ သင့်အနေနဲ့ မဖျားမနာခဲ့ဘူးဆိုရင်တောင်မှ သင် ဘယ်သွားမယ်၊ ဘယ်လာမယ်ဆိုပြီး ရွေးချယ်လိုက်တဲ့ လုပ်ဆောင်ချက်က တခြားသူတစ်ဦးအတွက် သေခြင်းနဲ့ ရှင်ခြင်းကြားက အရာတစ်ခုခုဖြစ်သွားနိုင်တယ်"လို့ ၎င်းက ပြောကြားခဲ့ပါတယ်။

### ဝူဟန်မှာ ရောဂါထိန်းချုပ်မှုအောင်မြင်

ရောဂါစတင်ပျံ့နှံ့ရာဗဟိုချက်မဖြစ်ခဲ့တဲ့ တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့မှာ ကိုရိုနာဗိုင်းရပ်စ်ထပ်မံကူးစက်ခံရသူ ပေါ်ထွက်မလာတော့ဘူးဆိုတဲ့ သတင်းကို မစ္စတာတက်ဒရိုစ်က ဝမ်းမြောက်စွာကြိုဆိုခဲ့ပါတယ်။ ဒါဟာ အာဏာပိုင်တွေအနေနဲ့ ရောဂါထိန်းချုပ်ရေးဆောင်ရွက်ရာမှာ အောင်မြင်မှုရရှိခဲ့တယ်ဆိုတဲ့ သတင်းကောင်းတစ်ခုဖြစ်သလို ကမ္ဘာတစ်ဝန်းက ကျန်ရှိနေတဲ့တခြားနိုင်ငံတွေမှာ အဆိုးရွားဆုံးအခြေအနေတွေကို ရင်ဆိုင်နေရချိန်မှာတောင် မျှော်လင့်ချက်ရှိနေသေးတယ်ဆိုတာကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။

သုတေသနပြု လေ့လာမှုတွေအရ လူကြီးလူငယ်အရွယ်သုံးပါးမရွေး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရနိုင်တဲ့ အန္တရာယ်ရှိတယ်ဆိုတာကို ဖော်ပြနေတယ်။ ဒါပေမယ့် ဒီထဲမှာမှ ကိုယ်ခံအားယုတ်လျော့လာပြီဖြစ်တဲ့ လူငယ်တွေနဲ့ ပင်ကိုအားဖြင့် ကျန်းမာရေးအားနည်းသူတွေမှာ ပိုပြီး အန္တရာယ်ရှိတယ်လို့ ဆိုပါတယ်။ ရောဂါကူးစက်မှုအမြင့်ဆုံးဖြစ်ပွားနေတဲ့ အီတလီမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အသက်ဆုံးရှုံးရတဲ့ ပျမ်းမျှအသက်အရွယ်ဟာ ၇၈ နှစ်နဲ့ အထက် လူကြီးတွေဖြစ်တာကို တွေ့ရပါတယ်။

### ခပ်ခွာခွာနေဖို့လို

တရုတ်နိုင်ငံမှာ ဗိုင်းရပ်စ်ကြောင့် သေဆုံးတဲ့ အသက် ၅၀ အောက်လူငယ်တွေဟာ ၁ ရာခိုင်နှုန်းအောက်လျော့နည်းတယ်လို့ နယူးယောက်တိုင်းမ်် သတင်းစာအရ သိရပါတယ်။ ဒါပေမယ့် သေဆုံးသူတွေထဲမှာ ၁၅ ရာခိုင်နှုန်းနီးပါးဟာ အသက် ၈၀ ကျော်တွေ ဖြစ်ပါတယ်။

လက်ရှိမှာတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဗိုင်းရပ်စ်ကူးစက်မှုကို တားဆီးကာကွယ်ရာမှာ အထောက်အကူ ဖြစ်စေဖို့အတွက် လူမှုရေးအရ ခွဲခြားဆက်ဆံတာမျိုးထက် ရုပ်ပိုင်းဆိုင်ရာအရ ခပ်ခွာခွာနေပြီး ကြိုတင်ရှောင်ရှားတာမျိုးကိုသာ အဓိကလုပ်ဆောင်ဖို့ အကြံပြုနေပါတယ်။

### ဗိုင်းရပ်စ်ကြောင့်ခြေချုပ်မိကုန်ပြီ

အခုဆိုရင် ပိုမိုအရှိန်မြင့်လာနေတဲ့ ဗိုင်းရပ်စ်ကူးစက်မှုအခြေအနေကြောင့် အမေရိကန်ရှိ ပြည်နယ်အမြောက်အမြားမှာ အမေရိကန်နိုင်ငံသားငါးဦးမှာ တစ်ဦးဟာ နေအိမ်မှာသာနေကြဖို့ အမိန့်ထုတ်ပြန်ထားပါတယ်။ ကွန်နက်တီကပ်ပြည်နယ်၊ နယူးဂျာစီပြည်နယ်၊ အီလီနွိုက်ပြည်နယ်နဲ့ ကယ်လီဖိုးနီးယားပြည်နယ်တွေမှာ ဗိုင်းရပ်စ်ပျံ့နှံ့မှုကိုတားဆီးဖို့အတွက် ဒေသခံတွေအနေနဲ့ နေအိမ်ထဲမှာပဲနေကြဖို့ အမိန့်ထုတ်နေပြီ ဖြစ်ပါတယ်။ နယူးယောက်မှာတော့ အရေးတကြီးမဟုတ်တဲ့ စီးပွားရေးလုပ်ငန်းတွေကို ပိတ်ထားဖို့ ထုတ်ပြန်ထားပါတယ်။

### သမ္မတထရမ့် ပယ်ချ

ကိုရိုနာဗိုင်းရပ်စ်ဟာ အမေရိကန်ပြည်ထောင်စုက ပြည်သူ ၂၃၀နီးပါးရဲ့ အသက်တွေကို နုတ်ယူသွားခဲ့သလို ၁၈၅၀၀ ထက်မနည်း ရောဂါကူးစက်ခံထားရပါတယ်။ ဟာဝိုင်ယီမှာ ဘားဆိုင်တွေနဲ့ ကလပ်တွေ ပိတ်ထားဖို့နဲ့ လူ ၁၀ ဦးထက်ပိုတဲ့ လူမှုရေးအရစုဝေးမှုတွေ မလုပ်ကြဖို့ အမိန့်ထုတ်ထားပါတယ်။ ဒါပေမယ့် သမ္မတထရမ့်ကတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အဝင် အထွက် ပိတ်ဆို့မှုတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ဖို့ကိစ္စကို မကြာသေးခင် ရက်ပိုင်းအတွင်းမှာတင် ပယ်ချခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုတစ်ခုလုံးကို အပြီးပိတ်ထားဖို့ လိုအပ်မယ်လို့ ကျွန်တော်မထင်ဘူး။ အမေရိကန်ဟာ ဗိုင်းရပ်စ်ကို တိုက်တဲ့စစ်ပွဲမှာ အနိုင်ရလာနေပြီလို့ မတ် ၂၀ ရက် သတင်းစာရှင်းလင်းပွဲမှာ သမ္မတ ထရမ့်က ပိုင်ပိုင်နိုင်နိုင် ပြောကြားခဲ့တာကို တွေ့ရပါတယ်။ နယူးယောက်မှာရှိတဲ့ သမ္မတရဲ့ဟိုတယ်တွေနဲ့ ဝါရှင်တန်ဒီစီကိုတော့ ဆက်လက်ဖွင့်လှစ်ထားဆဲပါပဲ။ ။

ကိုးကား – နယူးယောက်တိုင်းမ်၊ ဘီဘီစီ



နယူးယောက်စီးတီးရှိ မြို့တော်ပန်းခြံတွင် လူငယ်အချို့ လေ့ကျင့်ခန်းပြုလုပ်နေစဉ်။

## နိုင်ငံတကာသတင်းတိုထွာ

### အီတလီနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၄၀၀၀ ကျော် ရှိလာ

ရောမ မတ် ၂၁

အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူမြင့်တက်နေပြီး နိုင်ငံတစ်ဝန်းသေဆုံးသူစုစုပေါင်းမှာ ယခုအခါ ၄၀၀၀ ကျော် ရှိလာပြီဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် နောက်ထပ်သေဆုံးသူ ၆၂၇ ဦးရှိခဲ့ရာ သေဆုံးသူစုစုပေါင်းမှာ ၄၀၃၂ ဦး အထိရှိလာပြီဟု ပြည်သူ့ကာကွယ်ရေးအေဂျင်စီက မတ် ၂၀ ရက်တွင် ပြောကြားခဲ့သည်။

အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်မှာ ၄၇၀၂၁ ဦးအထိရှိသည်။ အီတလီမြောက်ပိုင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် ဖိအားများကျရောက်လျက်ရှိသည်။ လူနာခုတင်များ၊ ကိရိယာများနှင့် ဆေးဘက်ကျွမ်းကျင်ပုဂ္ဂိုလ်များ ပြတ်လပ်နေကြောင်း သူနာပြုအဖွဲ့ချုပ်က ပြောသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မဖြစ်ပွားမီက အထူးကုသရေးဆောင်တွင် ခုတင် ၅၄၀၀ ရှိခဲ့ရာမှ ယခုအခါ ခုတင် ၈၀၀၀ အထိရှိလာကြောင်း ပြည်သူ့ကာကွယ်ရေးအကြီးအကဲ အန်ဂျလိုဘော်ရီလီက ပြောသည်။

အင်န်အိတ်ချ်ကေ

### အပြည်ပြည်ဆိုင်ရာမှ လေကြောင်းခရီးစဉ်များ ဝင်ရောက်မှုကို ပိတ်ပင်ကြောင်း နီပေါနိုင်ငံမှ ကြေညာ

ခတ္တမန္ဒူ မတ် ၂၁

နီပေါနိုင်ငံသို့ဝင်ရောက်မည့် အပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်များကို ဆိုင်းငံ့ထားကြောင်း နီပေါ ဝန်ကြီးချုပ် ရှာမာအိုလီက မတ် ၂၀ ရက်တွင် ကြေညာခဲ့သည်။

မတ်၂၂ ရက်မှ ၃၁ ရက်အထိ နီပေါနိုင်ငံသို့ ဝင်ရောက်မည့် အပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်များ အားလုံးကို ဆိုင်းငံ့လိုက်ကြောင်း ဝန်ကြီးချုပ်က တိုင်းပြည်သို့ မိန့်ခွန်းပြောကြားခဲ့သည်။ နီပေါနိုင်ငံတွင် ကျောင်း၊ ဈေးဝယ်စင်တာနှင့် ရုပ်ရှင်ရုံများကိုပိတ်ထားရန် မတ် ၁၈ ရက်တွင် နီပေါအစိုးရက ကြေညာခဲ့ပြီးနောက် ယခုဒုတိယအကျော့ကန့်သတ်မှုများ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

မတ် ၂၀ ရက်မှ ဧပြီ ၁၅ ရက်အထိ ဥရောပ၊ ပင်လယ်ကွေ့နိုင်ငံများ၊ အနောက်အာဖရိကနှင့် အီရန်တို့မှ ဝင်ရောက်လာမည့်ခရီးသည်များကို နီပေါအစိုးရက ပိတ်ပင်ထားသည်။

ဆင်ဟွာ

## COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် မုံရွာ၌ ညှိနှိုင်းဆွေးနွေး

မုံရွာ မတ် ၂၁

COVID-19 ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၂၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က COVID-19 ရောဂါနှင့် ပတ်သက်၍ ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိရေးအတွက် သက်ဆိုင်ရာဌာနများက လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လူစည်ကားရာ နေရာများတွင် ပိုစတာများ စိုက်ထူခြင်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်း အသံချဲ့စက်ဖြင့် နှိုးဆော်သတိပေးခြင်းနှင့် သံသယလူနာများ တွေ့ရှိပါက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှစ၍ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများသို့ အဆင့်ဆင့် သတင်းပို့ခြင်းများ လိုအပ်ကြောင်း၊ COVID-19 ရောဂါနဲ့ပတ်သက်ပြီး မပေါ့ဆရန်၊ တိုင်းဒေသကြီးအတွင်း၌လည်း ယင်းရောဂါစောင့်ကြည့်ရေး လုပ်ငန်းများကို ကော်မတီဖွဲ့စည်းထားပြီးဖြစ်ကာ တိုင်းဒေသကြီးအဆင့် Technical Working Group ကို ဖွဲ့စည်းပြီး အချိန်နှင့်တစ်ပြေးညီ ရောဂါကို စီမံခန့်ခွဲနိုင်အောင် ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူတို့က COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ မိမိတို့၏ လုပ်ဆောင်ချက်၊ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးများက ခရိုင်အလိုက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)


# KS DIAMOND - Diamonds & Jewellery

## ဆိုင်ဖွင့်ပွဲ ကျေးဇူးတင်လွှာ

KS DIAMOND- Diamonds & Jewellery Grand Opening တွင် ချစ်ခင်စွာဖြင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသော လေးကျွန်းသူဖေါင်းဒေးရှင်း ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦး၊ သီရိသုဓမ္မမဏိဇောတဓရ အကယ်ဒမီ ခန့်စည်သူ ၊ ဆိုင်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့် ပေးပါသော ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူ၊ ဖွဲ့လရောင်၊ အိချောပို၊ လင်းဇာနည်ဇော် နှင့် မြူလင်းကိုကို တို့အားရင်း၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးဆေးတိုက်ပိုင်ရှင်များ၊ မေတ္တာဖြင့်ပန်းစည်းများ၊ ပန်းခြင်းများ ပေးပို့ကြသော စိန်ရွှေရတနာဆိုင်များ ၊ ကုမ္ပဏီများ၊ ကြွရောက် ချီးမြှင့်ကြသော မိတ်ဆွေသင်္ဂဟများ ၊ ပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီစီစဉ်ပေးပါသော သရုပ်ဆောင် မောင်လေးဖွဲ့လရောင် ၊ ညီမလေး ဒေါက်တာ သီတာမြင့် (Dr Handmade) ၊ အဖက်ဖက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ် သင်္ဂဟများ၊ ဝယ်ယူအားပေးကြသော ချစ်မိတ်ဆွေများ၊ Facebook တွင် Like & Share ပေးသော ဆွေမျိုးများ၊သူငယ်ချင်းများ၊ မိတ်ဆွေများ၊ မြဝတီရိုက်ကူးရေးအဖွဲ့များ၊ သတင်းမီဒီယာများအားလုံး နှင့် ကျေးဇူးတင်ထိုက်သူ အားလုံး တစ်ဦးချင်း တစ်ယောက်ချင်းစီတိုင်းကို ကျေးဇူးအထူး တင်ရှိပါကြောင်း -

- ဗိုလ်မှူး ကျော်ကိုကိုရှိန်း + ဒေါ်မိုးပြည့်ပြည့်ဖြိုး (မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ) နှင့် KS DIAMOND-Diamonds& Jewellery)
- မောင်ကျော်ကိုကိုဆက်နိုင် ၊ မောင်သုဝေယံရှိန်း၊ မောင်မိုးပြည့်စုံဟိန်း

မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး နှင့်

KS DIAMOND-Diamonds & Jewellery မိသားစုများ


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၁၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၆၁၀ | ကျပ် | ၅၈၀/၆၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၆၂၀ | ကျပ် | ၅၉၅/၆၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၄၀/၅၄၀ | ကျပ် | ၅၄၀/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၇၀/၆၆၀ | ကျပ် | ၆၇၅/၆၈၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၈ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၉ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၈ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၉၃ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၉ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၄၆ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၂ . ၁၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၀၄၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၉၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၉၄၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၁၆၆၃ | ၁၈၅၈၀၅၀၀ |
| MTSH | ၃၈၀၀ | ၃၉၀၀ | ၂၃၁၄ | ၈၈၆၇၈၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁၈၀ | ၁၄၇၆၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၆ | ၄၉၇၂၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၅၇ | ၁၅၉၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




MYANMAR Digital News Presented by NPE www.mdn.gov.mm

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ကလေးတို့ရဲ့ ပုလဲလုံးလေးတွေ ကျန်းမာစေချင်

ကေ-ဂျူဝယ်လ်

**ကလေးတို့အားလုံးမင်္ဂလာပါနော်။ အပတ်စဉ်ကလေးတို့အတွက် ဗဟုသုတရစေဖို့ အကြောင်းအရာတွေကို ပြောပြပေးနေခဲ့တာ ဒီတစ်ပတ်မှာလည်း ကလေးတို့အားလုံး သိပြီးသားဆိုပေမယ့် သေချာမသိနိုင်သေးတဲ့ ကလေးတို့ ပါးစပ်ထဲက သွားတွေအကြောင်းကို ပြောပြချင်ပါတယ်။**



ကလေးတို့ရဲ့ ခန္ဓာကိုယ်မှာ အရိုးတွေရှိတယ်ဆိုတာ သိကြတယ် မဟုတ်လား။ လက်တွေ၊ ခြေထောက်တွေနဲ့ လက်ချောင်းကလေးတွေကို ဖိနှိပ်ကြည့်ရင် မာကြောတဲ့ အရိုးတွေကို တွေ့ရမှာနော်။ တော်တော်လေး မာတယ်လေ။ အဲဒီအရိုးတွေထက် အဆများစွာ ပိုပြီး မာတာကတော့ ကလေးတို့ရဲ့ သွားကလေးတွေပေါ့ကွယ်။ သွားက ကလေးတို့ခန္ဓာကိုယ်မှာ အမာဆုံးသော အရာပဲပေါ့။ သွားတွေဟာ သွားဖုံးတွေရဲ့ အောက်ကနေ ထိုးထွက်လာတာကို အသက်ခြောက်လ၊ ခုနစ်လကလေးတွေမှာ တွေ့ရတာပေါ့ကွယ်။ သွားသေးသေးလေးတွေ ထွက်လာတာပေါ့။ သွားလေးတွေက အသက်ခြောက်လလောက်ကျမှ ထွက်လာပေမယ့် မေမေ့ဗိုက်ကြီးထဲမှာ ကလေးလေးတို့ နေနေရချိန်ကတည်းက သွားလေးတွေ ပေါက်ဖို့ စတင်နေခဲ့တာတဲ့။

ကလေးတို့အသက် ခြောက်လ၊ ခုနစ်လလောက်မှာ သွားပေါက်လာတာကို လူကြီးတွေက သွားငုတ်တုတ်၊ လူငုတ်တုတ်ဆိုပြီး ပြောကြတယ်။ သဘောကတော့ သွားသေးသေးလေးထွက်လာပြီ လူသေးသေးလေးကလည်း ထိုင်နိုင်လာတာကို တင်စားပြောကြတာပေါ့။ အဲဒီလို သွားကလေးတွေ တစ်ချောင်းပြီးတစ်ချောင်း ထွက်လာလိုက်တာ အသက်သုံးနှစ်ကျမှ ငယ်သွားကလေးတွေက စုံလင်သွားကြသတဲ့။ ဘယ်နှချောင်းရှိသလဲဆိုရင် သွားအချောင်း ၂၀ ရှိပါတယ်။ အဲဒီမှာ ရှေ့ဆုံးကနေ ထွက်လာတာ အပေါ်လေးချောင်းနဲ့ အောက်လေးချောင်း ရှိပြီး ပါးစပ်ရဲ့ ရှေ့တည့်တည့်မှာ စီစီရီရီရှိပါတယ်။ ပြီးရင် အစွယ်လေးတွေ အပေါ်နှစ်ဖက်နဲ့ အောက်နှစ်ဖက် ထွက်လာကြပါတယ်။ နောက်ဆုံးမှာတော့ အံသွားတစ်ဖက်ကို နှစ်ချောင်းစီနဲ့ အပေါ်အောက် ရှစ်ချောင်းထွက်လာပြီးရင် စုစုပေါင်း အပေါ် ၁၀ ချောင်းနဲ့ အောက် ၁၀ ချောင်း ပေါက်လာပြီဆိုရင်တော့ ကလေးတို့ဆီမှာ ငယ်သွားလေးတွေ စုံသွားပြီပေါ့။

ကလေးတို့အသက် ရှစ်နှစ်လောက်ဆိုရင်တော့ အဲဒီသွားလေးတွေဟာ တစ်ချောင်းချင်း ပြန်ပြီး ကျိုးသွားပါတော့တယ်။ ငယ်သွားသေးသေးလေးတွေနေရာမှာ ကလေးတို့ အသက်ကြီးသွားတဲ့အထိ သုံးရမယ့်တကယ့်သွားကြီးတွေက နေရာယူလာပါတော့တယ်။ လူကြီးတွေမှာတော့ သွားက





၃၂ ချောင်းရှိပြီး ၈ နှစ်လောက်ကနေ အသက် ၂၅ နှစ်လောက်အထိ ဖြည်းဖြည်းချင်း သွားတွေထွက်လာတော့တာပေါ့။ အဲဒီသွားတွေကို ကလေးတို့က ကြည့်ရင် ကြွေလို ပြောင်ပြောင်လေး လက်နေတဲ့ သွားတွေအဖြစ်ပဲ သိမှာပေါ့နော်။ အမှန်က အဲဒါက အပေါ်ယံဖုံးအုပ်ထားတာပါ။ အဲဒီကြွေလို ဖုံးအုပ်ထားတဲ့ အလွှာအောက်မှာ အရိုးနဲ့ ကျောက်သားလို မာကျောတဲ့အလွှာ ရှိပါတယ်။ အဲဒီအလွှာရဲ့ အလယ်မှာတော့ သွေးကြောကလေးတွေ၊ အာရုံခံစားတဲ့ အကြောကလေးတွေ ရှိပါသတဲ့။ ဒါကြောင့် ရေခဲလို အေးတဲ့ အရာတွေနဲ့ ထိတွေ့လိုက်တဲ့အခါ သွားက ကျဉ်တဲ့အရသာကို ခံစားရတယ်မဟုတ်လား။

မာကြောနေတဲ့သွားတွေက အာဟာရဓာတ်တွေကို ရဖို့လိုသလို ခံစားတတ်သေးတယ်။ သွားရဲ့အတွင်းပိုင်းက သွေးကြောလေးတွေဟာ တော်တော်လေး သေးငယ်ပြီး ပွန်လေးတွေနဲ့ ချိတ်ဆက်ပြီး သွားကို အာဟာရဓာတ် ပေးထားတာပေါ့။ အဲဒီ ကျောက်သားလို မာကြောတဲ့ သွားတွေက သွားဖုံးတွေကို သစ်ပင်တွေလို အမြစ်တွေနဲ့ ချိတ်ကုပ်ထားတာပေါ့။ ဒါကြောင့် ကလေးတို့ ငယ်သွားလေးတွေ ကျိုးသွားတဲ့အခါ သွားဖုံးထိ စိုက်ဝင်ထားတဲ့ အမြစ်ကလေးတွေပါ ကျွတ်ထွက်လာတာကို မြင်နိုင်တာပေါ့။

ကြီးသွားလို့ခေါ်တဲ့ ကလေးလေးတို့ သွားလေးတွေ ကျိုးပြီး ပြန်ထွက်လာတဲ့သွားတွေဟာ ကလေးတို့ အသက်ကြီးတဲ့အထိ ထိန်းသိမ်းရမယ့် သွားတွေဖြစ်ပြီး မတော်တဆ ထိခိုက်မိလို့ ပျက်စီးသွားရင် ဘယ်တော့မှ ပြန်မရနိုင်တော့တဲ့ သွားတွေပေါ့။ သွားတွေကြောင့် ကလေးတို့က အစားအစာတွေကို ကျေညက်အောင်ဝါးစားလို့ ရတယ်။ ကလေးတို့ရဲ့ မျက်နှာကလေးတွေ ပိုပြီးချောမောလှပတယ်။ ကလေးတို့ စကားပြောတဲ့အခါ လည်ချောင်းထဲက တက်လာတဲ့လေကို သွားတွေနဲ့ထိန်းပြီး အသံနေအသံထား ပြောင်းလဲပေးတာပေါ့။ မယုံရင် သွားမပေါက်သေးတဲ့ ကလေးလေးတွေဖြစ်ဖြစ်၊ သွားမရှိတော့တဲ့ ဘိုးဘိုး၊ ဘွားဘွားတွေကိုဖြစ်ဖြစ် သူတို့အသံတွေ နားထောင်ကြည့်ရင် စကားမပီတာကို ကလေးတို့ တွေ့ရမယ်နော်။

ကလေးတို့ရဲ့ သွားကလေးတွေ လှလှပပနဲ့ ကျန်းကျန်းမာမာ ဖြစ်အောင် ဂရုစိုက်ဖို့က ကလေးတို့မှာ တာဝန်ရှိပါတယ်။ သွားပေါက်စလေးတွေကို သွားတိုက်ဆေးတွေ အများကြီးနဲ့ တိုက်မယ်ဆိုရင် ကြွေရောင်လေးတွေ မြန်မြန်ကုန်သွားတာ ဖြစ်တတ်သလို သွားမတိုက်ဘဲ အချိုတွေ စားတာများရင်လည်း သွားပိုးတွေ စားတတ်ပါသေးတယ်။ အသက်သုံးနှစ်အောက် ကလေးတွေဟာ ဆန်စေ့တစ်စေ့စာလောက် သွားတိုက်ဆေးလေးနဲ့ သွားကို တစ်နေ့တစ်ကြိမ်၊ နှစ်ကြိမ် တိုက်ရမှာဖြစ်ပြီး အသက်ခြောက်နှစ်အထိဆိုရင်တော့ ပဲစေ့လေးတစ်စေ့စာပဲ သွားတိုက်ဆေးထည့်ရမှာပါ။ အသက် ၁၀ နှစ်အောက်ကလေးတွေကတော့ သွားပွတ်တံတစ်ကြောင်းစာ သွားတိုက်ဆေး ထည့်တိုက်လို့ရပါပြီ။ သွားတိုက်တဲ့အခါ သွားပွတ်တံကို ကြမ်းကြမ်း မတိုက်ရဘဲ ညင်ညင်သာသာနဲ့ နှစ်မိနစ်လောက် တိုက်သင့်ပါတယ်။ အစာစားပြီးပြီးချင်းမှာလည်း သွားကို မတိုက်သင့်ပါဘူး။ အစာထဲမှာပါတဲ့ အက်စစ်တွေက သွားရဲ့ အပေါ်ယံ ကြွေလွှာကို ပါးစေတဲ့အတွက် မိနစ် ၃၀ လောက်ထားပြီးမှ သွားတိုက်သင့်ပါတယ်။ သွားတိုက်တဲ့အခါ သွားအတွင်း အပြင် အကုန်လုံးရောက်အောင်တိုက်ရမှာဖြစ်ပြီး လျှာကိုလည်း တိုက်ပေးဖို့ မမေ့နဲ့နော်ကလေးတို့ရေ။ ကလေးတို့ သွားကလေးတွေ ကျန်းကျန်းမာမာနဲ့ လှလှပပ ဖြစ်ပါစေလို့ မမက ဆုတောင်းပေးလိုက်ပါတယ်နော်။ ။



## လောကဝတ် (Etiquette)

မမမေ

# ကလေးတို့ သိထားရမယ့် အမှတ်အသားလေးတွေ

**ဒီတစ်ပတ်မှာတော့ ကလေးလေးတို့ကို ခရီးသွားတဲ့အခါ လမ်းမှာမြင်ရမယ့် အမှတ်အသားလေးတွေနဲ့ ကုန်တိုက်တွေ၊ လူအများသွားလာတဲ့နေရာတွေမှာ မြင်ရတတ်တဲ့ အမှတ်အသားလေးတွေကို ပြောပြချင်ပါတယ်။ အမှတ်အသားလေးတွေရဲ့သဘောက ကလေးတို့ကို သတိပေးတာလည်းဖြစ်သလို အကြံပေးလမ်းညွှန်တာလည်း ဖြစ်နိုင်ပါတယ်။ အမှတ်အသားလေးတွေကို သိထားမယ်ဆိုရင် ဘာကိုသတိပေးချင်တာလဲဆိုတာကို ကလေးတို့က လွယ်လွယ်ကူကူ သိနိုင်မှာပါ။ အဲဒီလိုသိရှိခြင်းအားဖြင့် စည်းကမ်းတွေကို လိုက်နာနိုင်မယ်၊ သူတစ်ပါးကိုလည်း ကူညီပေးနိုင်ပြီး စမတ်ကျတဲ့ ကလေးလေးတွေ ဖြစ်လာစေမှာပါ။**



### ဆေးလိပ်မသောက်ရ

ကလေးတို့ပတ်ဝန်းကျင်မှာ ဆေးလိပ်ပုံလေးကို အနီရောင်အဝိုင်းထဲမှာထည့်ထားပြီး မျဉ်းတစ်ကြောင်း ကန့်လန့်ဖြတ်တားထားတဲ့ ပုံလေးကို တွေ့ပြီဆိုရင် အဲဒီနေရာဟာ ဆေးလိပ်မသောက်ရတဲ့နေရာပေါ့ကွယ်။ ဆေးလိပ်သောက်တာဟာ ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်နိုင်တဲ့အတွက် လူအများရှိတဲ့နေရာတွေမှာ ဆေးလိပ်မသောက်ကြဖို့ သတိပေးထားကြတာပေါ့။ အဲဒီနေရာတွေမှာ ဆေးလိပ်သောက်သူတွေတွေ့ရင်လည်း မသောက်ရဘူးဆိုတာကို ကလေးတို့က သတိပေးလိုက်ဦးနော်။

### မဝင်ရ



လူပုံစံလေးကို အနီရောင် အဝိုင်းထဲမှာ ထည့်ထားပြီး အနီရောင်မျဉ်းက ကန့်လန့်ဖြတ် ဒေါင်လိုက် ဖြတ်ထားတဲ့ သင်္ကေတပုံလေးကို မြင်ရင်တော့ အဲဒီနေရာကို ကလေးတို့ ဝင်လို့မရဘူးဆိုတဲ့ အဓိပ္ပါယ်ဖြစ်ပါတယ်။ တားမြစ်ထားတဲ့နေရာကို ခွင့်မတောင်းဘဲ ဝင်သွားမိမယ်ဆိုရင် မယဉ်ကျေးရာ ရောက်တဲ့အပြင် စည်းကမ်းမလိုက်နာလို့ အပြစ်ပေးခံရတတ်တာပေါ့ကွယ်။

### အရေးပေါ်ထွက်ပေါက်


ရုပ်ရှင်ရုံတွေ၊ ကစားကွင်းတွေ၊ ကုန်တိုက်တွေနဲ့ လေယာဉ်ပျံပေါ်တွေ၊ ဘတ်စ်ကားတွေပေါ်မှာ ပါတတ်တဲ့ သင်္ကေတ အမှတ်အသားလေးတစ်ခုကတော့ အစိမ်းရောင်






နဲ့ ရေးဆွဲထားပြီး လူတစ်ယောက်က တံခါးတစ်ခုအပြင်ကို ထွက်မယ့်ပုံစံလေးပေါ့။ အရေးပေါ်အခြေအနေကျရင် ပြေးထွက်ဖို့အတွက် နေရာဆိုတာကို ပြသထားတာပါ။ ဘယ်နေရာကိုပဲရောက်ရောက် မမကတော့ အရေးပေါ်ထွက်ပေါက် သင်္ကေတလေးကို ရှာထားလေ့ရှိတယ်။ မီးလောင်တာဖြစ်ဖြစ်၊ အန္တရာယ်တစ်ခုခုကျတာ ဖြစ်ဖြစ် ကြုံတဲ့အခါ အရေးပေါ်အပေါက်ကလေးကို ရှာတွေ့တဲ့သူက မြန်မြန် အန္တရာယ်ကင်းတာပေါ့ကွယ်။

### အမျိုးသမီး၊ အမျိုးသားအိမ်သာ


အိမ်သာတွေမှာ မိန်းကလေးနဲ့ ယောကျ်ားလေး သပ်သပ်စီ ခွဲပေးထားတာကို ကျောင်းတွေမှာ ကလေးတို့ သိမှာပေါ့နော်။ အိမ်မဟုတ်တဲ့ အခြားနေရာ တော်တော်များများမှာ အဲဒီလို ခွဲခြားပေးထားတယ်လေ။ မိန်းကလေးနဲ့ ယောကျ်ားလေးအိမ်သာတွေ ခွဲခြားတဲ့နည်းက လွယ်လွယ်လေးရယ်။ ခြေထောက်အောက်ပိုင်းမှာ စကတ်လို တြိဂံပုံလေး ပါပြီဆို မိန်းကလေးဖြစ်ပြီး ယောကျ်ားလေးကတော့ ရိုးရိုးလူပုံစံ ခြေထောက်နှစ်ချောင်း ပုံပဲပေါ့။ အဲဒီလိုပဲ အခြားအမှတ်အသား သင်္ကေတလေးတွေလည်း အများကြီးရှိသေးတယ်။ နောက်အပတ်တွေကျမှပဲ ပြောပြတော့မယ်နော်။





ကိုတင့်နှင့်ရပ်ကွက်
HTOO
ကိုတင့်တို့မျှား ပျောက်ချက် သားကောင်းနေလိုက်တာ.. ခုမှပဲ တွေ့ရတော့တယ်..
ဘာလဲ.. ကိုမြစ် ကိုကြောက်လို့ အိမ်တွင်းပုန်းနေတာမို့လား...ဟင်းဟင်း..
ဘာပြောတယ်...
ကျုပ်ကဘယ်ကောင်နဲ့မှ ရန်ငြိုးရန်စ မရှိဘူး..မှန်တာလုပ် ဟုတ်တာပြောတတ်တယ်..ဘယ်ကောင့်မှ မကြောက်ဘူး.. ကောလာဟလ တွေလျှောက်မလွှင့်နဲ့ မာဒဝီ...
ဒိုတော်.. တစ်ကမ္ဘာလုံးက ကြောက်လန့်တကြား ဖြစ်နေတာ...ကိုတင့်က မကြောက်ဘူးဆိုတော့....
နေပါဦး...ခင်ဗျား ပြောတာ ဝူဟန်မြို့ရဲ့ ဝက်ငှက် ကူးစက်ရောဂါကို ပြောတာလား
ဟုတ်တယ်လေ ကိုတင့်ရဲ့...
အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ Coronavirus Disease 2019 ကို အတိုကောက် COVID.19 ကိုဗစ်နိုင်တင်းလို့ခေါ်တယ်..မှတ်ထား..
ကိုဗစ် ဆိုတော့..လမ်းထိပ်က အရက်ရောင်းတဲ့ ကိုလှမ်းရဲ့ညီကို ပြောတယ်မှတ်တာပေါ့.. ဖဟုသုတ တယ်နည်းပါလားဟယ်..
အဲဒါ ကိုတင့်...


ကာတွန်း
စမ်းချောင်းကိုကိုအောင်
ပဲ့ကို
ဟိုမှာ လုံးလေး လာနေပြီ၊
သူက အင်မတန် အကြွားသန်တာ၊ ချင့်ပသို...၊
ဟဲ့- လုံးလေး၊ နင်ဘယ် ပျောက်နေလဲ၊
တောက၊ ငါ့ဘကြီး ဘုန်းဘုန်း ဆီသွားနေတာ၊
ငါ့ဘကြီး ဘုန်းကြီးကျောင်းက၊ တိုင်လုံးကြီးတွေက ပေါင်ဒီလောက်ရှိတယ်၊
မင်းပြောတာက လွန်လွန်းတယ် မဖြစ်နိုင်ဘူး၊
ငါ့လက်ကို တိုင်မှာ သတ်ထားတဲ့ ရေနံချေး ပေမှာစိုးလို့ပါကွာ၊ ဟီး..
ပဲ့ကို၊


ဘုန်းဆော့
မိမွေး....
မနေ့က ဘာလို့ လာမကစားတာလဲ...မိမွေးရ
မနေ့က ငါတို့ဒေါ်လေးအိမ်ကို သွားလည်ကြလို့....ဘယ်ကျော်ရဲ့
ငါ့ဒေါ်လေးက အမြှာပူးလေး မွေးထားတာလေ။ သိပ်ချစ်ဖို့ကောင်းတာဟ...
ဒီမှာ...ဓာတ်ပုံတောင် ရိုက်လာခဲ့သေးတယ်...
အေးနော်... ချစ်စရာလေး....
ဒါနဲ့...နင်ပြောတော့ အမြွှာဆို...၊ နောက်တစ်ယောက်ကရော၊ ဘယ်မှာတုန်း....
အမြွှာဆိုတော့ ရုပ်ချင်းတူတယ်လေဟာ...၊ ဒါကြောင့်တစ်ယောက်ကိုပဲ ရိုက်လာခဲ့တာ...


ပေါက်စန်


သက်စု ၂၀၂၀
ဒီနေ့တော့ ပျင်းစရာပဲ ကွာ၊၊
သင်တန်းလည်း မတက်ရ၊ ကစားကွင်းလည်း မသွားရ၊
တစ်နေ့ တစ်နေ့ စားလိုက် အိပ်လိုက် ဒွေကြည့်လိုက် စာအုပ်ဖတ်လိုက်၊၊
လူများတဲ့နေရာတွေကို မသွားသင့်တာပါ၊ နှာချေ ချောင်းဆိုးတဲ့ သူတွေနဲ့ဝေးဝေး ရှောင်ရမယ်၊ မရှုမိစေနဲ့၊၊
ကိုယ်က ဆိုးရင်လည်း အုပ်ထားရမယ်၊ မျက်စိ နှာခေါင်း၊ ပါးစပ်ကို လက်ညစ်ပတ်နဲ့ မကိုင်နဲ့၊
လက်ကို မကြာခဏ စင်အောင် ဆေးရမယ်၊ မပျင်းရဘူးနော် မီးမီး၊၊၊
ဟုတ်ကဲ့ ကိုကြီး၊
မနက်ခင်း နေမပြင်းခင် နေရောင်ခံရင်း လေရှူရင်း အိမ်ရှေ့ ဆင်းပြီး လမ်းလျှောက်ကြမယ်၊
ပြီး



# ခုခံအားကျဆင်းမှုရောဂါပိုးရှိသူများနှင့် ဆက်နွယ်ထိခိုက်ခံရသူများဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

*ယမန်နေ့မှအဆက်*

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ရောဂါပိုးရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများ ထိရောက်မှုရှိစေရန်၊

( ခ ) ရောဂါပိုးရှိသူများသည် ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိခြင်းဖြင့် ရောဂါပိုးကို ထိန်းချုပ်နိုင်ပြီး ကျန်းမာစွာ အသက်ဆက်လက်ရှင်သန်ခွင့်၊ ပညာဆည်းပူးခွင့်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိကြစေရန်၊

( ဂ ) ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ရောဂါပိုးရှိသူများနှင့်အတူ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် လူမှုပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်လာစေရန်၊

(ဃ) အကြောင်းအမျိုးမျိုးကြောင့် ဖွင့်ဟပြောဆိုရန် အခက်အခဲရှိသည့် ရောဂါပိုးရှိသူများ အပါအဝင် ဆက်နွယ်ထိခိုက်ခံရသူနှင့် ရောဂါပိုးကူးစက်ခံရရန် အန္တရာယ်ပိုမိုမြင့်မားသူများအားလုံး ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီ ရရှိကြစေရန်။

**အခန်း (၃)**

**အမျိုးသားကော်မတီ ဖွဲ့စည်းခြင်း**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်–

(က) ခုခံအားကျဆင်းမှုရောဂါ တားဆီးကာကွယ်ရေးနှင့်ရောဂါပိုးရှိသူများ၊ ဆက်နွယ်ထိခိုက်ခံရသူများဆိုင်ရာ အမျိုးသားကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(၁) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(၃) ရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကျဉ်းဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(၈) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၉) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(၁၁) စီမံချက်မန်နေဂျာ — အဖွဲ့ဝင်
ခုခံအားကျဆင်းမှုနှင့်ကာလသားရောဂါ
တိုက်ဖျက်ရေးစီမံချက်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(၁၂) ခုခံအားကျဆင်းမှုရောဂါ — အဖွဲ့ဝင်
တားဆီးကာကွယ်ရေးနှင့် ရောဂါပိုးရှိသူများ၊
ဆက်နွယ်ထိခိုက်ခံရသူများဆိုင်ရာ
လုပ်ငန်းများတွင် စိတ်ပါဝင်စားသော
လူထုအခြေပြု အဖွဲ့အစည်းများမှ
ရွေးချယ်ပေးသည့် ကိုယ်စားလှယ် လေးဦး

(၁၃) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ကုသရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် အမျိုးသားကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း (၄)**

**အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များ**

၅။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများ ချမှတ်ခြင်း၊

( ခ ) ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် သုတေသနပြုခြင်း၊ ကျွမ်းကျင်သူဖလှယ်ခြင်း၊ လေ့ကျင့်မှုပေးခြင်း၊ နည်းပညာလွှဲပြောင်းခြင်းနှင့် အထောက်အထားအပေါ် အခြေခံသည့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊

( ဂ ) ရောဂါပိုးထိန်းဆေးကို ပြည်တွင်းတွင် ထုတ်လုပ်နိုင်ရန်အားပေးခြင်းနှင့် အရည်အသွေးမီ ဈေးနှုန်းသင့်တင့်သော ရောဂါပိုးထိန်းဆေးများကို ရောဂါပိုးရှိသူတိုင်း ရရှိသုံးစွဲနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(ဃ) တာဝန်ထမ်းဆောင်မှုနှင့် စပ်လျဉ်းသည့် မတော်တဆဖြစ်ရပ်များကြောင့် ရောဂါပိုး ကူးစက်ခံရသူများကို ကုသစောင့်ရှောက်ခြင်းနှင့် ထောက်ပံ့မှုပေးခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# တိုက်ရိုက်ရောင်းချခြင်း ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

*ယမန်နေ့မှအဆက်*

**အခန်း(၃)**

**ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၄။ ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူဝါဒများချမှတ်ခြင်း၊

(ခ) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်းနှင့်ဦးစီးဌာနကို လမ်းညွှန်မှုပေးခြင်း၊

(ဂ) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်သော အစီအမံများချမှတ်ခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

(င) ဦးစီးဌာန၏ အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း။

**အခန်း(၄)**

**ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းကို မှတ်ပုံတင်ဆောင်ရွက်နိုင်ရန်အတွက် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးအဆင့်အောက်မနိမ့်သူကို မှတ်ပုံတင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း၊

(ခ) မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သောအချက်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) တိုက်ရိုက်ရောင်းချခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် စိစစ်ဆောင်ရွက်ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(င) မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်များ ပြောင်းလဲရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်လက်မှတ်သက်တမ်းနှင့် မှတ်ပုံတင်ကြေးသတ်မှတ်ခြင်း၊

(ဆ) ကုန်စည် ရောင်းချရန် အရောင်းကိုယ်စားလှယ်ကြေး၊ သင်တန်းကြေးနှင့် အခြားကုန်ကျစရိတ်များကို သတ်မှတ်ခြင်း၊

(ဇ) တာဝန်ပျက်ကွက်သော စီးပွားရေးလုပ်ငန်းရှင်၏ မှတ်ပုံတင်လက်မှတ်ကို ယာယီပိတ်သိမ်းခြင်း၊ ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းခြင်း သို့မဟုတ် အမြဲတမ်းပိတ်သိမ်းခြင်း၊

(ဈ) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်းသည့် အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး အားပေးဆောင်ရွက်ခြင်း၊

(ည) မှတ်ပုံတင်အရာရှိက တရားစွဲဆိုရန် တင်ပြသည့်ကိစ္စနှင့် စပ်လျဉ်း၍ တရားစွဲဆိုရန်ဆောင်ရွက်ခြင်း၊

(ဋ) စီးပွားရေးလုပ်ငန်းရှင်နှင့် အရောင်းကိုယ်စားလှယ်တို့အကြား ဖြစ်ပွားသည့် အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းခြင်း။

၆။ ဦးစီးဌာနသည် ပုဒ်မ ၁၆(စ)ပါ ကိစ္စရပ်ကို ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အရာရှိထံ တာဝန်လွှဲအပ်နိုင်သည်။

၇။ ဦးစီးဌာနသည် လိုအပ်ပါက တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းပြုနိုင်ရန် ဦးစီးဌာန၏ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးရုံးသို့ တာဝန်လွှဲအပ်နိုင်သည်။

၈။ ဦးစီးဌာနသည် ဤဥပဒေအရ စီးပွားရေးလုပ်ငန်းရှင်ကို တရားစွဲဆိုထားစဉ်ကာလအတွင်း မှတ်ပုံတင်လက်မှတ်ကို ယာယီပိတ်သိမ်းခြင်း၊ ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းခြင်း သို့မဟုတ် အမြဲတမ်းပိတ်သိမ်းခြင်း ပြုနိုင်သည်။

၉။ ဦးစီးဌာနသည် တိုက်ရိုက်ရောင်းချခြင်း လုပ်ငန်းတစ်ရပ်ရပ်အပေါ် မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ညှိနှိုင်းအကြောင်းကြားလာမှုအပေါ် စိစစ်၍ မှတ်ပုံတင်လက်မှတ်အား ယာယီပိတ်သိမ်းခြင်း၊ ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းခြင်း သို့မဟုတ် အမြဲတမ်းပိတ်သိမ်းခြင်းပြုနိုင်သည်။

၁၀။ ဦးစီးဌာနသည် စီးပွားရေးလုပ်ငန်းရှင်က တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းကို ပိတ်သိမ်းလိုကြောင်း တင်ပြလာပါက သတ်မှတ်ချက်များနှင့်အညီ ပိတ်သိမ်းခွင့်ပြုနိုင်သည်။

**အခန်း(၅)**

**မှတ်ပုံတင်ခြင်း**

၁၁။ စီးပွားရေးလုပ်ငန်းရှင်သည် တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းအတွက် မှတ်ပုံတင်လက်မှတ်ရရှိရန် ဦးစီးဌာနသို့ သက်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၂။ ဦးစီးဌာနသည်–

(က) ပုဒ်မ ၁၁ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ၊ မရှိ မှတ်ပုံတင်အရာရှိအား စိစစ်စေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုပါက သက်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ မှတ်ပုံတင်ကြေးပေးသွင်းစေပြီး စီးပွားရေးလုပ်ငန်းရှင်အား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ဂ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက ပြည့်စုံစွာဆောင်ရွက်စေပြီး ပြန်လည်လျှောက်ထားခွင့် ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ(ဂ)အရပြည့်စုံစွာဆောင်ရွက်ပြီး ပြန်လည်လျှောက်ထားလာပါက ပုဒ်မခွဲ(က) နှင့် (ခ)တို့ပါအတိုင်း ဆောင်ရွက်ရမည်။

၁၃။ ဦးစီးဌာနသည် စီးပွားရေးလုပ်ငန်းရှင်က မှတ်ပုံတင်လက်မှတ် သက်တမ်း တိုးမြှင့်ရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိအား စိစစ်စေပြီး မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် တိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

**အခန်း (၆)**

**မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များ**

၁၄။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် လျှောက်ထားချက်ကို စိစစ်၍ ဦးစီးဌာနသို့ တင်ပြခြင်း၊

(ခ ) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးရန် လျှောက်ထားချက်ကို စိစစ်၍ ဦးစီးဌာနသို့ တင်ပြခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ပါအချက်အလက်များ ပြောင်းလဲရန် တင်ပြလာခြင်းကို စိစစ်၍ ဦးစီးဌာနသို့တင်ပြခြင်း၊

(ဃ) စီးပွားရေးလုပ်ငန်းရှင်က တင်ပြသော အစီရင်ခံစာများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(င ) တိုက်ရိုက်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ မမှန်မကန်ဆောင်ရွက်နေမှုများကို စစ်ဆေးတွေ့ရှိပါက အရေးယူဆောင်ရွက်နိုင်ရန်နှင့် တရားစွဲဆိုနိုင်ရန် ဦးစီးဌာနသို့တင်ပြခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၁-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ ဆောင်ရွက်ရာတွင် (၂၀-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆)နာရီမှ (၂၁-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီ အထိ စောင့်ကြည့်လူနာအသစ် (၁၂) ဦး ရှိပါသည်။ **(ဇယား -၁)**

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ယနေ့ညနေ (၆)နာရီတွင် ပေးပို့လာသော ဓာတ်ခွဲစစ်ဆေးချက်အဖြေများအရ သက်ဆိုင်ရာဆေးရုံများရှိ စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိသော လူနာများအနက် လူနာ(၁၁)ဦး၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုးမရှိပါကြောင်း(မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။ **(ဇယား -၂)**

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်တွင် နေထိုင်သော အသက် (၃၇)နှစ်အရွယ် အမျိုးသားတစ်ဦးသည် မကွေးမြို့သို့ ရောက်ရှိနေစဉ် (၁၉-၂-၂၀၂၀)ရက်နေ့မှစ၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်းစသည့် ရောဂါလက္ခဏာများခံစားခဲ့ရသဖြင့် မကွေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် (၁၉-၃-၂၀၂၀)ရက်နေ့၊ ည (၇:၅၅) နာရီအချိန်ခန့်၌ တက်ရောက်ကုသခဲ့ရာ လူနာတွင် လွန်ခဲ့သော (၁၄)ရက်အတွင်း ရောဂါကူးစက်မှုဖြစ်ပွားလျက်ရှိသော နိုင်ငံများသို့ ခရီးသွားရာဇဝင်မရှိခဲ့သော်လည်း အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ တွေ့ရှိရသဖြင့် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ကာ ဓာတ်ခွဲနမူနာရယူ၍ (၂၀-၃-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ပေးပို့စစ်ဆေးခဲ့ပါသည်။ အဆိုပါလူနာမှာ နာတာရှည် အသည်းခြောက်ခြင်းလက္ခဏာများ စစ်ဆေးတွေ့ရှိရပြီး လူနာအား လိုအပ်သော ဆေးဝါးကုသမှုများပေးနေစဉ် (၂၀-၃-၂၀၂၀) ရက်နေ့၊ ည(၈:၂၀)နာရီအချိန်ခန့်တွင် သေဆုံးသွားခဲ့ကြောင်း သိရှိရပါသည်။ သေဆုံးရသော အကြောင်းအရင်းမှာ ပြင်းထန်အဆုတ်ရောင်ရောဂါနှင့် အသည်းခြောက်ခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် ဖြစ်ပါသည်။ ယနေ့ညနေ (၆)နာရီတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှု ဆိုင်ရာဌာန (ရန်ကုန်)မှ ပေးပို့လာသည့် (ဇယား-၂)ပါ ဓာတ်ခွဲအဖြေအရ အဆိုပါ သေဆုံးသူတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုးမရှိပါကြောင်း (မရှိကြောင်း) သိရှိရပါသည်။

၅။ ဆေးရုံများ၌ထားရှိ၍ အသွားအလာကန့်သတ်မှု (Hospital Quarantine)ပြုလုပ်ထားသော တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၊ လူနာဆောင်သစ်မှ မြန်မာနိုင်ငံသား (၂) ဦး၏ (၂၁-၃-၂၀၂၀) ရက်နေ့တွင် ပေးပို့သောဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၆။ ယနေ့ (၂၁-၃-၂၀၂၀) ရက်နေ့၊ ညနေ(၆)နာရီ အချိန်အထိ စောင့်ကြည့်လူနာ (၁၁) ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပါသည်။

၇။ (၂၁-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၇၇) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး အချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ဇယား-၁

### (COVID-19)ရောဂါ စောင့်ကြည့်လူနာ/သံသယလူနာများ တွေ့ရှိမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၁-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ရောဂါလက္ခဏာများ | ရောဂါလက္ခဏာများ စတင်ဖြစ်ပွားသည့်ရက် | ခရီးသွားရာဇဝင် - သွားရောက်ခဲ့သည့် နိုင်ငံ၊ မြို့ | ခရီးသွားရာဇဝင် - မြန်မာ နိုင်ငံသို့ ရောက်ရှိသည့်ရက် | လူနာအား စတင်တွေ့ရှိသည့် နေရာ | COVID-19 ရောဂါလူနာနှင့် ထိတွေ့မှု ရှိ/မရှိ | ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ/ ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂၂ နှစ် | ကျား | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း | ၁၂-၃-၂၀၂၀ | တရုတ်၊ ကျင်းဟုန်မြို့ | ၁၇-၃-၂၀၂၀ | မြို့နယ်ပြည်သူ့ဆေးရုံ၊ ထီးချိုင့်မြို့ | ထိတွေ့မှုမရှိပါ | မြို့နယ်ပြည်သူ့ဆေးရုံ၊ ထီးချိုင့်မြို့ (၁၉-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၂ | ၂၄ နှစ် | ကျား | ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ် | ဖျားခြင်း၊ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း | ၁၈-၃-၂၀၂၀ | မလေးရှား | ၁၅-၃-၂၀၂၀ | မြို့နယ်ပြည်သူ့ဆေးရုံ၊ကျောက်ဖြူ မြို့ | ထိတွေ့မှုမရှိပါ | မြို့နယ်ပြည်သူ့ဆေးရုံ၊ကျောက်ဖြူမြို့ (၂၀-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၃ | ၂၅ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း | ၁၉-၃-၂၀၂၀ | ထိုင်း | ၉-၃-၂၀၂၀ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ထိတွေ့မှုမရှိပါ | ဝေဘာဂီအထူးကုဆေးရုံ (၂၀-၃-၂၀၂၀) | ထိုင်းနိုင်ငံသား |
| ၄ | ၅၀ နှစ် | မ | ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း | ၁၇-၃-၂၀၂၀ | မရှိပါ | - | ပြည်သူ့ဆေးရုံ၊ ဒီမောဆိုမြို့ | ထိတွေ့မှုမရှိပါ | လွိုင်ကော်ပြည်သူ့ဆေးရုံကြီး (၁၉-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၅ | ၈၁ နှစ် | ကျား | ကယားပြည်နယ်၊ ဖရူဆိုးမြို့ | ဖျားခြင်း၊ချောင်းဆိုးခြင်း၊မောပန်းခြင်း | ၆-၃-၂၀၂၀ | မရှိပါ | - | လွိုင်ကော်ပြည်သူ့ဆေးရုံကြီး | ထိတွေ့မှုမရှိပါ | လွိုင်ကော်ပြည်သူ့ဆေးရုံကြီး (၂၀-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၆ | ၃၂ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ | ၁၇-၃-၂၀၂၀ | မရှိပါ | - | အင်းစိန်ပြည်သူ့ဆေးရုံကြီး | ထိတွေ့မှုမရှိပါ | အင်းစိန်ပြည်သူ့ဆေးရုံကြီး (၂၀-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၇ | ၆၂ နှစ် | ကျား | ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့ | ဖျားခြင်း၊ချောင်းဆိုး၊ သွေးပါခြင်း ၊ မောပန်းခြင်း | ၅-၃-၂၀၂၀ | မရှိပါ | - | အင်းစိန်ပြည်သူ့ဆေးရုံကြီး | ထိတွေ့မှုမရှိပါ | အင်းစိန်ပြည်သူ့ဆေးရုံကြီး (၁၈-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၈ | ၂၆ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ | ဖျားခြင်း၊ချောင်းဆိုးခြင်း၊မောပန်းခြင်း | ၁၇-၃-၂၀၂၀ | မရှိပါ | - | အင်းစိန်ပြည်သူ့ဆေးရုံကြီး | ထိတွေ့မှုမရှိပါ | အင်းစိန်ပြည်သူ့ဆေးရုံကြီး (၁၉-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၉ | ၃၆ နှစ် | ကျား | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ | ဖျားခြင်း၊ချောင်းဆိုးခြင်း၊မောပန်းခြင်း၊ နှောက်ကျောနာကျင်ခြင်း | ၁၇-၃-၂၀၂၀ | အိန္ဒိယ | ၂၀-၃-၂၀၂၀ | စဝ်စံထွန်းဆေးရုံကြီး | ထိတွေ့မှုမရှိပါ | စဝ်စံထွန်းဆေးရုံကြီး (၂၀-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၁၀ | ၂၇ နှစ် | မ | မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ဝမ်းပျက်ခြင်း | ၅-၃-၂၀၂၀ | ထိုင်း | ၁၇-၃-၂၀၂၀ | ပုဂ္ဂလိကဆေးခန်း | ထိတွေ့မှုမရှိပါ | ပြည်သူ့ဆေးရုံ၊ ပေါက်မြို့ (၂၀-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၁၁ | ၂၉ နှစ် | ကျား | ရခိုင်ပြည်နယ်၊ စစ်တွေမြို့ | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ | ၁၅-၃-၂၀၂၀ | အိန္ဒိယ | ၇-၃-၂၀၂၀ | စစ်တွေပြည်သူ့ဆေးရုံကြီး | ထိတွေ့မှုမရှိပါ | စစ်တွေပြည်သူ့ဆေးရုံကြီး (၂၁-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၁၂ | ၃၇ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်မြို့နယ် | ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း | ၁၉-၃-၂၀၂၀ | ကိုရီးယား | ၁၉-၃-၂၀၂၀ | လှိုင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ထိတွေ့မှုမရှိပါ | ဝေဘာဂီအထူးကုဆေးရုံ (၂၀-၃-၂၀၂၀) | မြန်မာနိုင်ငံသား |

ဇယား-၂

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၂၁-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ | ဆေးရုံ စတင် တက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| ၁ | ၅၀ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် | ပြည်သူ့ဆေးရုံကြီး၊ မူဆယ် | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၂ | ၁၈ နှစ် | ကျား | ကယားပြည်နယ်၊ ဒီမောဆိုမြို့ | ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့ | ၁၈-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၃ | ၅၈ နှစ် | ကျား | ကယားပြည်နယ်၊ ဒီမောဆိုမြို့ | ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့ | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၄ | ၂၇ နှစ် | ကျား | ကယားပြည်နယ်၊ လွိုင်ကော်မြို့ | ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့ | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၅ | ၄၇ နှစ် | ကျား | ကယားပြည်နယ်၊ ဖယ်ခုံမြို့ | ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့ | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၆ | ၃၇ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် | မကွေးပြည်သူ့ဆေးရုံကြီး | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၇ | ၃၂ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် | အင်းစိန်ပြည်သူ့ဆေးရုံကြီး | ၂၀-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၈ | ၆၂ နှစ် | ကျား | ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့ | အင်းစိန်ပြည်သူ့ဆေးရုံကြီး | ၁၈-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၉ | ၂၆ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် | အင်းစိန်ပြည်သူ့ဆေးရုံကြီး | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၁၀ | ၃၇ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် | ဝေဘာဂီအထူးကုဆေးရုံ | ၂၀-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၁၁ | ၂၄ နှစ် | ကျား | ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ | မြို့နယ်ပြည်သူ့ဆေးရုံ၊ ကျောက်ဖြူမြို့ | ၂၀-၃-၂၀၂၀ | မတွေ့ရှိပါ |

## COVID-19 ရောဂါကူးစက်မှုကို ကြိုတင်ကာကွယ်ရန် မြန်မာ-အိန္ဒိယနယ်စပ်ဂိတ်မှ မြန်မာနိုင်ငံဘက်သို့ နိုင်ငံခြားသားများ ဝင်ရောက်ခွင့် ယာယီပိတ်ပင်ထား

**ရိခေါဒါရ်　မတ် ၂၁**

ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဖြစ်ပေါ်နေသည့် Conoravirus Disease 2019 (COVID-19) ရောဂါကူးစက်မှုကို ကြိုတင်ကာကွယ်ရန် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ရှိ ရိခေါဒါရ် နယ်စပ်ဝင် ထွက်ပေါက်မှ မြန်မာနိုင်ငံဘက်သို့ နိုင်ငံခြားသားများ ဝင်ရောက်ခွင့်အား မတ် ၁၉ ရက်မှစ၍ ယာယီပိတ်ပင်ထားကြောင်း သိရသည်။




မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်မှ မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်လာမည့် နိုင်ငံခြားသားများအား နိုင်ငံကူးလက်မှတ်၊ ပြည်ဝင်ဗီဇာ၊ ဗီဇာကင်းလွတ်ခွင့်၊ eVisa များဖြင့် ဝင်ရောက်ခွင့်အား ယာယီပိတ်ပင်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာ ရရှိထားသည့် နိုင်ငံခြားသားများအနေဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လေဆိပ်တို့မှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဝင်ရောက်ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

